မန္တလေး
နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၃၂)၊ ၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့် ၊ ၄-၁၁-၂၀၂၅၊ အင်္ဂါနေ့။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှု

နေပြည်တော် နိုဝင်ဘာ ၃

၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို မာရဝိဇယဗုဒ္ဓဥယျာဉ် ရေပန်းရင်ပြင်တော်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည့်ရှုကြသည်။

အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့နှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊

စာမျက်နှာ ၃ သို့



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ်၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာသင်္ကန်း ရက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၃

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ နိုဝင်ဘာ ၄ ရက် ၊ အင်္ဂါနေ့။

မန္တလေး

## တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့

ဗုဒ္ဓဘုရားရှင်က အဇာတသတ်မင်းအား တန်ဆောင်မုန်းလပြည့်နေ့တွင် သာမညဖလသုတ္တန်တရား ဟောကြားတော်မူသည်ကို အကြောင်းပြု၍ တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလ အခါတော်နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ သာမညသည် ရဟန်း၊ သာမဏေပြုလုပ်ခြင်း၊ ဖလသည်အကျိုးကျေးဇူးဖြစ်သည်။ ရဟန်းသာမဏေ၏အကျိုးကျေးဇူးကို စတင်သိရသောနေ့လည်း ဖြစ်သည်။ အဇာတသတ်မင်းသားသည် ဒေဝဒတ်ကို ဆရာတင်မှားကာ ဖခင်ဗိမ္ဗိသာရမင်းကြီးအပေါ် ကျူးလွန်ခဲ့သည့်ကြီးမားလှသည့် အပြစ်များကို တွေးတောပူပန်ပြီး နေ့စဉ် စားမဝင်အိပ်မပျော်သည့်ရောဂါဝေဒနာကို ခံစားနေရသည်။ တန်ဆောင်မုန်းလပြည့်နေ့ညတွင် မြတ်စွာဘုရားရှင်က သာမညဖလ(ရဟန်းပြုခြင်းအကျိုး) သုတ္တန်ဒေသနာကို ဟောကြားတော်မူသောအခါ အဇာတသတ်မင်းခံစားနေရသော ရောဂါဝေဒနာများ ချုပ်ငြိမ်းသွားပြီး မြတ်စွာဘုရားရှင်အား အလွန်ကြည်ညိုသော၊ ဗုဒ္ဓသာသနာအား အလွန်လေးစားရှိသေသော မင်းတစ်ပါးဖြစ်လာခဲ့သည်။

တန်ဆောင်မုန်းလသည်ကောင်းကင်တစ်ခွင်၌ ဆီးနှင်းမြူတိမ်သူရိန်မီးခိုး ညစ်မျိုးကင်းစင်သောကြောင့် နေ့ညမရွေး ကြည်လင်နေသည်။ ထို့ကြောင့် နေလနက္ခတ်တာရာ ကြယ်ပေါင်းစုံကို သာမန်မျက်စိနှင့် လူတိုင်းမြင်တွေ့နိုင်သည်။ တန်ဆောင်မုန်းလပြည့်ညတွင် ထွက်သောလသည် ပြည့်ပြည့်ဝဝ ဝိုင်းဝိုင်းစက်စက်ရှိသည်။ ကြယ်နက္ခတ်လည်းစုံလှသည်။ စန်းယှဉ်နက္ခတ်ဖြစ်သော ကြတ္တိကာနက္ခတ်ကို မြန်မာတို့က ဖျောက်ဆိပ်ကြယ်ဟုခေါ်သည်။ သာမန်မျက်စိဖြင့်ကြည့်လျှင် ရကောက်သဏ္ဌာန် ကြယ်ခုနစ်လုံးကို မြင်တွေ့ရပြီး မှန်ပြောင်းနှင့်ကြည့်လျှင် ၁၆၅ လုံးမြင်နိုင်ကြောင်း အဆိုအမိန့်ရှိပါသည်။ ရာသီမှာဗြိစ္ဆာရာသီဖြစ်သည်။ ကင်းပုစွန်(ကင်းမြီးကောက်)ရုပ် အမှတ်အသားရှိသော ရာသီဖြစ်သည်။

တန်ဆောင်မုန်းလတွင် ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ၊ ရိုးရာအစဉ်အလာ ယုံကြည်မှုများစွာ ရှိကြသည်။ ဘာသာရေးဆိုင်ရာ ထင်ရှားသောပွဲတော်မှာ ကထိန်ပွဲပင်ဖြစ်သည်။ 'ကထိန် အာနိသင် ငါးပါးမြဲမြံခိုင်ခံ့စွာ ရရှိစေနိုင်သော သင်္ကန်းအလှူပွဲ' ဖြစ်သည်။

ကထိန်ခင်းသည့် အစဉ်အလာသည် ရှေးမြန်မာမင်းများလက်ထက်ကတည်းက ရှိခဲ့သော အစဉ်အလာတစ်ရပ်ဖြစ်သည်။ သံဃာအား လှူဒါန်းသော ကထိန်သင်္ကန်းကို သင်္ကန်းမရှိသည့် ရဟန်းအား ဦးစားပေး ရွေးချယ်လှူဒါန်းခြင်းလည်း ဖြစ်ပေသည်။ ရဟန်းအားလုံးသင်္ကန်းများ ပြည့်စုံလျှင် ဝါအကြီးဆုံး မထေရ်ကို ပေးလှူရသည်။ သိမ်ဝင်၍ ဉတ်ကမ္မဝါဖတ်ပြီး ကထိန်ခံထိုက်သော ရဟန်းကို ပေးရသည့်အတွက် ကထိန်သင်္ကန်းကို 'ဉတ်သင်္ကန်း' ဟု ခေါ်သည်။

တန်ဆောင်မုန်းလပြည့်မတိုင်မီ အဖိတ်နေ့ညတွင်လည်း ကထိန်လျာသင်္ကန်းကို အစုအဖွဲ့များဖြင့် တစ်ညလုံးအပြိုင်ရက်လုပ်ကြသည့် 'မသိုးသင်္ကန်းရက်ပြိုင်ပွဲ' ကိုလည်း ကျင်းပကြသည်မှာ မြန်မာလူမျိုးတို့၏ ချစ်စရာကောင်းသော ဓလေ့ထုံးတမ်း အစဉ်အလာများ ဖြစ်သည်။ တန်ဆောင်မုန်းလသည် ကောင်းကင်ယံ၌ နက္ခတ်တာရာတို့စုံလင်သော လလည်းဖြစ်သည်။ လပြည့်နေ့တွင် ဆေးပင်အပေါင်းကို စောင့်ရှောက်သည့် နတ်အပေါင်းတို့သည် မယ်ဇလီပင်ရှိ နတ်သားကို လာရောက်ခစားကြရသည်ဟု မှတ်သားဖူးသည်။ ထို့ကြောင့် လပြည့်နေ့ညတွင် မယ်ဇလီဖူးကိုသုတ်စားပါက ဆေးဖက်ဝင်ပြီး ဆေးပေါင်းခသည်ဟူသော ရှေးမြန်မာတို့၏ ယုံကြည်ချက်မှာလည်း ယနေ့တိုင်စွဲကျန်နေသည်။

သို့ဖြစ်ရာ တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့တွင် ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူသော ရဟန်းပြုခြင်းအကျိုးတရားကို နာကြားခြင်း၊ ရွတ်ဖတ်ပူဇော်ခြင်းဖြင့် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ပိုမိုယုံကြည်သဒ္ဓါတရားများစွာဖြင့် ကောင်းကျိုးချမ်းသာမှုများ ရရှိနိုင်ပါစေကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးမြို့တွင် တရုတ်ဘာသာစကားပြော (အခြေခံ)သင်တန်း သင်တန်းဆင်းလက်မှတ် ပေးအပ်ပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၃**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ တိုင်းရင်းဆေးတက္ကသိုလ်နယ်မြေ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံ၊ ဧကရာဇ်ခန်းမတွင် နိုဝင်ဘာ ၂ ရက် နံနက် ၁၀ နာရီက တရုတ်ဘာသာစကားပြော(အခြေခံ)သင်တန်း သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲ ကျင်းပပြုလုပ်ရာ တိုင်းရင်းဆေးတက္ကသိုလ်ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ သိန်းဇော်လင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ ကထိက၊ ဌာနမှူးများ ဖူချင့်နိုင်ငံတကာဘာသာစကားစင်တာဂုဏ်ထူးဆောင်ကျောင်းအုပ်ကြီး ဦးစက်တီ၊ ကျောင်းအုပ်ကြီး ဦးအောင်မင်းစိုးနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသိန်းဇော်လင်းက အဖွင့်အမှာစကားနှင့် ကျေးဇူးတင်စကား ပြောကြားပြီး ဂုဏ်ထူးဆောင် ကျောင်းအုပ်ကြီး ဦးစက်တီက အမှာစကားပြောကြားသည်။

ထို့နောက် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူ ၆၃ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။ ဆက်လက်၍ သင်တန်းသား၊ သင်တန်းသူများက တရုတ်ရိုးရာ အဆို၊ အကများဖြင့် ဖျော်ဖြေခြင်း၊ တရုတ်ဘာသာစကားပြော (အခြေခံ)သင်ကြားပေးခဲ့ကြသည့် ဆရာ၊ ဆရာမများအား အမှတ်တရဂါရဝလက်ဆောင်ပစ္စည်းများ ပေးအပ်ကြကြောင်း သိရသည်။ (၀၇၀)

## ကြက်ဟင်းခါးသီးနံ့ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချသူများ နေ့စဉ်ဝင်ငွေရရှိ

**မန္တလေး နိုဝင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် နေ့စဉ်ဝင်ငွေရရှိရေး ဘူး၊ ဖရုံ၊ သခွား၊ ကြက်သွန်၊ ခဝဲ၊ ကြက်ဟင်းခါး၊ နံနံဆလပ်၊ မုန်ညင်း စသည့် မီးဖိုချောင်သုံး အသီးအနှံများ စိုက်ပျိုးကြရာ ကြက်ဟင်းခါးသီးနံ့ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချသူများ နေ့စဉ်ဝင်ငွေရရှိသဖြင့် မိသားစုတစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိပြီး စားဝတ်နေရေး အဆင်ပြေလျက်ရှိသည်။

ကြက်ဟင်ခါးသီးနံ့စိုက်ပျိုးပါက သဘာဝမြေသြဇာဖြစ်သည့် နွားချေးများဖြင့် စိတ်တိုင်းကျမြေပြုပြင်ပြီး ရှစ်ပေခန့်အကွာတိုင်များစိုက်ပြီး တိုင်အခြေတွင် မျိုးစေ့များ တိုက်ရိုက်စိုက်ပျိုးပြီး ငါးပေအမြင့်ရှိ စင်များပြုလုပ်ကာ စိုက်ပျိုးနိုင်ကြောင်း၊ စိုက်ပျိုးပြီး ၁၅ ရက်အကြာ အပင်ပတ်လည်၌ အာမိုမြေသြဇာ ဟင်းစားဇွန်းတစ်ဇွန်းခန့်ဖြူးပေးကာ ရေတင်ပေးပြီး ပင်စည်များအား တိုင်နှင့်ကြိုးချည်ပေးရကြောင်း၊ စိုက်ပျိုးပြီးရက်ပေါင်း(၃၀)ခန့်တွင် အပွင့်များစတင်ပွင့်လာကြပြီး ၄၅ ရက်သားတွင် အသီးများ စတင်ခူးဆွတ် ရောင်းချရသည်။

ဘို့တစ်ထောင် ကြက်ဟင်းခါးမျိုး ဝ ဒသမ ၅၀ ဧက စိုက်ပျိုးထားပါက ၃၊ ၄ ရက်တစ်ကြိမ် ခူးဆွတ်ရောင်းချနိုင်ကြောင်း၊ စတင်ခူးချိန်တွင် အချိန် ၂၅ ပိဿာခန့် ခူးဆွတ်ရပြီး အသီးဖြိုင်ချိန်တွင် ပိဿာ ၁၄၀ အထိ ခူးဆွတ်ရကြောင်း ခူးဆွတ်ရောင်းချရသည့်သက်တမ်းမှာ အပင်အပြုအစုပေါ်မူတည်ပြီး ငါးလ၊ ခြောက်လခန့် ခူးဆွတ်ရောင်းချရကြောင်း ကြက်ဟင်းခါးစိုက်ပျိုးရောင်းချသည့် ရန်ပုံနှစ်ကျေးရွာမှ တောင်သူဦးမြင့်မောင်က ပြောပြ၍ သိရှိရပြီး စိုက်ပျိုးရာတွင်အသုံးပြုသည့်တိုင်နှင့် ဝါးများသည် အခင်းဖျက်သိမ်းပါက ပြန်လည်သိမ်းဆည်းထားပြီး လေးကြိမ်အထိပြန်လည်အသုံးပြုနိုင်ပြီး ကုန်ကျစရိတ်နည်းပါးပြီး မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်ခြင်း၊ အကျိုးအမြတ်များခြင်းတို့ကြောင့် စိုက်ပျိုးသင့်သည့် သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)(၄၈၅)



## မိတ္ထီလာမြို့ နဂါးရုံမဟာဗောဓိစေတီတော်၌ (၅၅)ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲ ကျင်းပ

**မိတ္ထီလာ နိုဝင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက်တွင် တည်ထားကိုးကွယ်သော နဂါးရုံမဟာ ဗောဓိစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ (၅၅)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီက အဆိုပါစေတီတော် ပညာဓိကတန်ဆောင်းတွင် ကျင်းပသည်။

အဆိုပါ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲအား ဦးစွာ သဒ္ဓမ္မဝံသာရုံပရိယတ္တိစာသင်တိုက်ဦးစီးပဓာနနာယက ဘဒ္ဒန္တနန္ဒဝံသ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ အဖွဲ့ဝင် ဦးနိုင်ဝင်းကျော်၊ အဖွဲ့ဝင် ဦးကျော်ဇေယျ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးဦးအောင်ဆန်းဝင်းနှင့် နဂါးရုံမဟာဗောဓိစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းစိန်တို့က ဖဲကြိုးဖြတ်၍ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်ဇော်လေးနှင့် စေတီတော်ဂေါပကအဖွဲ့မှ ဦးညီညီမောင်တို့က အောင်စည်အောင်မောင်းတီးကာ ဖွင့်လှစ်ပေးသည်။



ထို့နောက် နဂါးရုံ မဟာဗောဓိစေတီတော်အတွင်း တည်ထားကိုးကွယ်သော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ကပ်လှူပူဇော်မည့် မသိုးသင်္ကန်းများကို ရက်ကန်းစင်ငါးစင်ဖြင့် ရွာသစ်၊ ကျောက်ပုံ၊ ညောင်ပင်လှိုု၊ ကတ္တူ ကန်နှင့် သရက်တန်းကျေးရွာများမှ ရက်ကန်းအဖွဲ့များက ရက်လုပ်ကြရာ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ရက်လုပ်ရရှိသော သင်္ကန်းများကို မီးကင်ခြင်း၊ ဝိနည်းတော်နှင့် အညီချုပ်လုပ်ခြင်းများဆောင်ရွက်ပြီး နိုဝင်ဘာ ၄ ရက် တန်ဆောင်မုန်းလပြည့်နေ့ အရုဏ်မတက်မီအချိန်တွင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ကပ်လှူပူဇော်သွားမည်ဖြစ်သည်။ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲနှင့် အတူ နိုဝင်ဘာ ၄ ရက် တန်ဆောင်မုန်းလပြည့်နေ့ နံနက်ပိုင်းတွင် ပင့်သံဃာတော်များအား ဆွမ်းသပိတ်များ ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(၄၅၃)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၀)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



☉ ရေ့ဖုံးမှ

ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ကြမည့် ရက်ကန်းအဖွဲ့များ တက်ရောက်ကြပြီး ဘုရားဖူးလာရဟန်းရှင်လူ ပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီးတို့သည် အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုင်းရင်းသားတိုင်းရင်းသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ယင်းနောက် အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်ကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က "ဇယမင်္ဂလာ စာတမ်းလွှာ"ကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီးတို့က ၂၀၂၅ ခုနှစ် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင် ဦးသန့်ဆွေက မင်္ဂလာရွှေမောင်းကို တီးခတ်၍ အချက်ပေးရာ ရက်ကန်းအဖွဲ့များက ရက်ကန်းစင်တော်များ၌ မသိုးရွှေကြာသင်္ကန်းတော်များကို စတင်ရက်လုပ်ကြသည်။ ထိုသို့ ရက်ကန်းအဖွဲ့များက ရက်ကန်းစတင် ရက်လုပ်သည်နှင့် တစ်ပြိုင်နက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက "မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်" တေးသီချင်းဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြပြီး အခမ်းအနားတက်ရောက် လာကြသူများက

စာမျက်နှာ ၄ သို့ ☉



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များ လှိုက်လှဲနွေးထွေးစွာကြိုဆိုစဉ်။


◌ စာမျက်နှာ ၃ မှ
မီးပုံးပျံငယ်များနှင့် မိုးပျံပူဖောင်းများကို တစ်ပြိုင်နက် လွှတ်တင်ကြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက ယိမ်းအကအလှများ၊ အိုးစည်ဒိုးပတ်များ၊ တေးသံသာများဖြင့် သီဆိုတီးမှုတ်ကပြ ဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးနှင့် ဧည့်ပရိသတ်များသည် ရက်ကန်းစင်တော် ၁၅ ခုမှ ရက်ကန်းအဖွဲ့များ၏
စာမျက်နှာ ၅ သို့ ◌



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ညမီးကြီး မီးပုံးပျံလွှတ်တင်ပူဇော်မှုကို ကြည့်ရှုအားပေးစဉ်။







စက်မှုဝန်ကြီးဌာနမှ ညမီးကြီးမီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။




ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ညမီးကြီး လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။



အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲသို့ လာရောက်ကြသူများကို တွေ့ရစဉ်။



နိုင်ငံခြားရေးဝန်ကြီးဌာနမှ စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။



ကျန်းမာရေးဝန်ကြီးဌာနမှ စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှညမီးကြီး မီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။

✪ စာမျက်နှာ ၄ မှ

မသိုးရွှေကြာသင်္ကန်း ရက်လုပ်နေမှုများကို ရက်ကန်းစင်တော် တစ်ခုချင်းစီအလိုက် စိတ်ဝင်တစား လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယင်းနောက် နိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ညမီးကြီး မီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများ လွှတ်တင်မှုများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာရဟန်းရှင်လူ ပြည်သူများနှင့်အတူ ကြည့်ရှုအားပေးကြသည်။

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော်အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂ရက်မှ ၄ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း ရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၌ ဝတ်ရွတ်အသင်းများက ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချခြင်းတို့နှင့်အတူ နိုင်ငံတော် အနုပညာရှင်များကလည်း တေးဂီတနှင့် ဇာတ်သဘင် ဖျော်ဖြေပွဲများဖြင့် တင်ဆက်လျက်ရှိပြီး စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်မှုများကို တွေ့ရစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများအား တွေ့ရစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်တွင် (MSME) အရောင်းဆိုင်ခန်းများက ဒေသထွက်စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ခင်းကျင်းပြသရောင်းချလျက်ရှိသည်ကို တွေ့ရစဉ်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲပြိုင်ပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ၊ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၃

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲပြိုင်ပွဲကို ယနေ့တွင် ဒုတိယနေ့အဖြစ် သတ်မှတ်နေရာများအလိုက် စည်ကားသိုက်မြိုက်စွာ ဆက်လက် ကျင်းပလျက်ရှိရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။



ယနေ့သည် အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည်နှင့် အညီ ဘုရားမုခ်ဦးအပြင် ကားရပ်နားဝင်းနေရာများ၌ ဒေသခံများအပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးကားများ များပြားလျက်ရှိပြီး ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များက ဘုရားအဝင်အထွက်လမ်းကြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးကြပြီး ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း၌လည်း မီးထွန်းပွဲတော်ကြီးသို့ ပါဝင်ဆင်နွှဲရန် ရောက်ရှိလာကြသည့် ရဟန်းသံဃာတော်များ၊ ဘုရားဖူးပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်းစွာ ဘုရားဖူးမြော်ပါဝင်ဆင်နွှဲနိုင်ရေးအတွက် တာဝန်ရှိသူများက ဘုရားမုခ်ဦးများရှေ့တွင် လုံခြုံရေးအရ လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ပေးကြသည်။

ထိုသို့ ဘုရားဖူးလာကြသူများအနက်မှ သံဃာတော်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်သို့ သွားလာရေး လွယ်ကူစေရန်အတွက် မော်တော်ယာဉ်ငယ်များ၊ ဝီးချဲလ်များဖြင့် စနစ်တကျ ပို့ဆောင်ပေးကြကာ ပွဲတော်အတွင်း ကုသိုလ်ပြု ဆီမီးထွန်းညှိနိုင်မည့်နေရာများ၊ မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ကျင်းပမည့်နေရာများ၊ မသိုးရွှေကြာသင်္ကန်းရက်လုပ်မည့်နေရာ၊ ဈေးပွဲတော်နေရာများနှင့် ဖျော်ဖြေရေးအစီအစဉ် နေရာများကိုလည်း အလွယ်တကူ သွားရောက်နိုင်ရေးအတွက် တာဝန်ရှိသူများက လမ်းညွှန်ပြသပေးကြသည်။

ထို့နောက် တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာရဟန်းရှင်လူ၊ ပြည်သူများသည် စိတ်အေးချမ်းသာစွာဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီး ကပ်လှူဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်အတွင်း ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်း၊ အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း၊ မေတ္တာပို့သခြင်းတို့တွင် ကုသိုလ်ယူ ပါဝင်ဆင်နွှဲကြရာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း တရားဓမ္မအသံများဖြင့် ထုံမွှမ်းလျက်ရှိသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တတိယအကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ် ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်က "တော်ဝင်ရွှေပြည်"၊ ကချင်ပြည်နယ်က "မနောမြေ"၊ ကယားပြည်နယ်က "ကန္တရဝတီ"၊ ကရင်ပြည်နယ်က "ဖွဲကပင်"၊ ချင်းပြည်နယ်က "တောင်ဇလပ်"၊ စစ်ကိုင်းတိုင်း ဒေသကြီးက "ရွှေဧယျာ"၊ တနင်္သာရီတိုင်းဒေသကြီးက "ရွှေဝယ်သီရိ"၊ ပဲခူးတိုင်းဒေသကြီးက "ရှင်စောပု"၊ မကွေးတိုင်းဒေသကြီးက "တော်ဝင်ရတနာ"၊ မန္တလေးတိုင်းဒေသကြီးက "အမရရွှေပြည်"၊ မွန်ပြည်နယ်က "ရာမည"၊ ရခိုင်ပြည်နယ်က "လေးရပ်ဝတီ"၊ ရန်ကုန်တိုင်းဒေသကြီးက "တော်ဝင်ဒဂုံ"၊ ရှမ်းပြည်နယ်က "သုဓာတာ"နှင့် ဧရာဝတီ တိုင်းဒေသကြီးက "ရွှေပြည်ဧရာ" စသည့်ရက်ကန်းစင် ၁၅ စင်ဖြင့် သတ်မှတ်နေရာအသီးသီးတွင် မြိုင်မြိုင်ဆိုင်ဆိုင် စတင် ယှဉ်ပြိုင်နေကြသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါပြိုင်ပွဲဖွင့်ပွဲ မစတင်မီနှင့် စတင်ချိန်တွင် နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ဖော်ဝေး၊ ဖိုးသောကြာ၊ J Fire၊ ဆုထက်လှိုင်၊ ရဲထိုက်တို့က တေးသီချင်းများဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၊ မြဝတီရုပ်မြင်သံကြား၊ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး၊ ရန်ကုန်)တို့မှ ဝန်ထမ်းများနှင့် အနုပညာရှင်များက တန်ဆောင်တိုင်ပွဲတော်ကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသီချင်းများဖြင့် တွဲဖက်၍ ယိမ်းအကအလှများဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေတင်ဆက်ကြရာ ဘုရားဖူးလာပြည်သူများ ပါဝင်ဆင်နွှဲကြသည်။

ထို့ပြင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အသင်းများက မြတ်စွာဘုရားရှင်အား မီးပုံးပျံလွှတ်တင် ပူဇော်မည့်နေရာအသီးသီး၌လည်း ဘုရားဖူးလာပြည်သူများက ကြိုတင်စောင့်ဆိုင်းရောက်ရှိနေကြပြီး မီးပုံးပျံအောင်မြင်စွာ လွှတ်တင်နိုင်ရေးအတွက်တာဝန်ရှိသူများဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း အထူးစိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများက မြတ်စွာဘုရားရှင်အား မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲ စတင်သည်နှင့် တစ်ပြိုင်နက် မီးပုံးပျံများလွှတ်တင်ရန် ပြင်ဆင်ဆောင်ရွက်နေချိန်နှင့် လွှတ်တင်ပူဇော်ချိန်တွင် သက်ဆိုင်ရာ ပြိုင်ပွဲဝင်အသင်းက တိုင်းရင်းသားရိုးရာအကအလှများ၊ အိုးစည်ဒိုးပတ်၊ သံချပ်တီးလုံးများ၊ ယိမ်းအကအလှများနှင့် တွဲဖက်၍ တေးသီချင်းများဖြင့် ကြည်နူးပျော်ရွှင်စွာ သီဆိုကပြဖျော်ဖြေကြရာ ဘုရားဖူးလာပြည်သူများက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ယနေ့ညတွင် ဝန်ကြီးဌာနအလိုက် မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်ပွဲများအဖြစ် စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနက "ရင်းနှီး/မြှုပ်နှံ ပြည့်အားမာန်"၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက "ဒီပပူဇာ"၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက "ခရီးသွားရောင်စဉ်"၊ နိုင်ငံခြားရေးဝန်ကြီးဌာနက "သားကောင်းတမန်ပြည့်အားမာန်"၊ ကျန်းမာရေးဝန်ကြီးဌာနက "အာရောဂျံ"၊ ပညာရေးဝန်ကြီးဌာနက "သုခမိန်" နှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက "ပြည့်ဂုဏ်ဆောင်" စသည့် မီးပုံးပျံအမည်တို့ဖြင့် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြသည်။




အလားတူ ညမီးကြီးမီးပုံးပျံလွှတ်တင်ပူဇော် ပြိုင်ပွဲတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာနက "သာယာရွှေပြည်"၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက "ပြည်လုံးချမ်းသာ"၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနက "တိုးတက်မောင်"၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက "ဖွံ့ဖြိုးကုန်သွယ်နိုင်ငံကြွယ်"၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက "ပန်းခင်းဝေဖြာပြည်သာယာ"၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက "သီးနှံပန်းတိုင်ပြည့်မဏ္ဍိုင် မွေးမြူစိုက်ပျိုး ရိက္ခာတိုး"နှင့် စက်မှုဝန်ကြီးဌာနက "စက်မှုအားမာန်" စသည့် မီးပုံးပျံအမည်များဖြင့် အောင်မြင်စွာ လွှတ်တင်နိုင်မှုနှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဝန်ထမ်းများနှင့် ပြည်သူများကလည်း သတ်မှတ်နေရာများ၌ မီးပုံးပျံငယ်များကို ပြိုင်တူလွှတ်တင်ခဲ့ကြသည်။

ပြိုင်ပွဲဝင်အသင်းများက ဘုရားဝင်းအတွင်း သတ်မှတ်နေရာများအလိုက် အလှညမီးကြီးများ၊ စိန်နားပန် မီးပုံးပျံကြီးများအား ကောင်းကင်ယံထက်သို့အောင်မြင်စွာ လွှတ်တင်ပူဇော်ချိန်တွင် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မိုးယံထက်၌ ရောင်စုံအလှမီးရှူးမီးပန်းများ ယှက်ဖြာလင်းလက်ပြီး ရောင်စုံလွှမ်း၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရောင်စုံမီးအလင်းတန်းများဖြင့် ညွှတ်တွားပူဇော်နေကြသည့် မြင်ကွင်းမှာ နေပြည်တော် တန်ဆောင်မုန်းလ၏ညအလှကို ပိုမိုပေါ်လွင်စေခဲ့ပြီး ဘုရားဖူးလာ ပြည်သူများ၏ စိတ်တွင်လည်း ကြည်နူးပီတိစွာ တွေ့မြင်ခံစားရသည်။

ထို့ပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း LED မီးများဖြင့် အလှဆင် ပူဇော်ထားရှိသည့်အတွက် ခမ်းနားထည်ဝါစွာ တည်ထား ပူဇော်ထားသည့် ဘုရား၊စေတီ၊ပုထိုးများ၏သပ္ပာယ်မှုများနှင့် အုံ့မခန်းဗိသုကာလက်ရာများ၊ ကျောက်စာရုံစေတီတော်၊ မုစလိန္ဒကန်၊ နဂါးရုံဘုရားများ၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မာရဝိဇယကျောင်းတော်နှင့် အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို လေ့လာကြသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေးနေရာများတွင် မိသားစုလိုက်၊ မိတ်ဆွေသူငယ်ချင်း အစုအဖွဲ့လိုက် ပျော်ရွှင်စွာ အမှတ်တရဓာတ်ပုံရိုက်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

တန်ဆောင်တိုင်မီးထွန်းပွဲတော်လာပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ပွဲတော်ကို ဆင်နွှဲနိုင်ရေးအတွက်လည်း တာဝန်ရှိသူများက ဘုရားပရိဝုဏ်အတွင်း လိုအပ်သည်များကို စနစ်တကျ ကူညီ ဆောင်ရွက်ပေးသည့်အပြင် ဘုရားဖူးလာပြည်သူများ ကျန်းမာရေး တစ်စုံတစ်ရာဖြစ်ပေါ်လာပါက အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်ကို နိုဝင်ဘာ ၄ ရက်(တန်ဆောင်မုန်းလပြည့်နေ့)တွင်လည်း စည်ကားသိုက်မြိုက်စွာ ဆက်လက် ကျင်းပသွားမည်ဖြစ်သည့်အပြင် နံနက်ပိုင်းတွင်လည်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးရွှေကြာသင်္ကန်းကို တတိယအကြိမ်မြောက်အဖြစ် ကပ်လှူ ပူဇော်သွားမည်ဖြစ်ကြောင်း၊ မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားများ ကျင်းပသွားမည်ဖြစ်သည့်အတွက် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများအနေဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရင်း တန်ဆောင်တိုင်လပြည့်ည၏ရသကို အပြည့်အဝခံစားရင်း ကုသိုလ်ယူပါဝင်နိုင်ကြောင်း သိရသည်။

သတင်း - ဟိန်းမင်းကျော်

ဓာတ်ပုံ - ဖိုးပြည့်စုံ၊ သီဟ

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဖျော်ဖြေရေးအစီအစဉ်များသို့ ပါဝင်ဆင်နွှဲကြသူများဖြင့် ကြက်ပျံမကျစည်ကား

နေပြည်တော် နိုဝင်ဘာ ၃



မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများ စိတ်အပန်းပြေစေရန်နှင့် ဒေသထွက်ကုန်များ၊ စားသောက်ဖွယ်ရာများကို တစ်နေရာတည်းတွင် ဝယ်ယူစားသောက်နိုင်ရန် ရည်ရွယ်၍ တန်ဆောင်တိုင် ဈေးရောင်းပွဲတော်၊ ဖိုးချစ်ဇာတ်ပွဲသဘင်နှင့် နိုင်ငံကျော် တေးသံရှင်များ၏ ဖျော်ဖြေရေး အစီအစဉ်များကို အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည့် ယနေ့တွင် ဒုတိယနေ့အဖြစ် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် မြောက်ဘက် ဝတ္တကမြေပေါ်တွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပလျက်ရှိရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ ပါဝင်ဆင်နွှဲကြသဖြင့် ကြက်ပျံမကျစည်းကားလျက်ရှိသည်။

တန်ဆောင်တိုင် ဈေးရောင်းပွဲတော်သို့ လာရောက်လည်ပတ်ကြသည့် ဘုရားဖူးပြည်သူများ ဒေသထွက် လက်ဆောင်များ၊ အမှတ်တရလက်ဆောင်ပစ္စည်းများ လေ့လာဝယ်ယူနိုင်ရန်နှင့် အစားအသောက် အဆင်ပြေစေရန် အတွက်ဒေသအလိုက်အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSMES) ထုတ်ကုန်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာပြခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ၊ One Region One Product(OROP) ထုတ်ကုန်ပစ္စည်းပြခန်းများ၊ EV ကားနှင့် ဆိုင်ကယ် အရောင်းပြခန်းများ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ စားသောက်ကုန်နှင့်ဒေသထွက်ကုန်ပစ္စည်းပြခန်းများ၊ နေပြည်တော်ကောင်စီနယ်မြေမှ MSMES စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ အိမ်တွင်းလက်မှု အနုပညာ အရောင်းပြခန်း၊ ရိုးရာအဝတ်အထည်များ၊ တိုင်းရင်းသားရိုးရာ အစားအစာများနှင့် မြန်မာ့ရိုးရာ အစားအစာ အရောင်းဆိုင်များ စသည်ဖြင့် ဈေးဆိုင်ခန်းပေါင်း ၃၀၈ ခန်းဖွင့်လှစ်၍ စိတ်ကြိုက် ဝယ်ယူစားသုံးနိုင်ရန် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ လေ့လာကြည့်ရှုဝယ်ယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထိုသို့စိတ်ဝင်တစား လာရောက်ဝယ်ယူကြသည့် ပြည်သူများကို သက်ဆိုင်ရာ ပြခန်းများအလိုက် ခင်းကျင်းပြသ ရောင်းချပေးနေကြသည့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြပြီး ဒေသထွက် အစားအသောက်များ၊ အမှတ်တရပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ ရိုးရာဝတ်စုံများနှင့် MSME ထုတ်ကုန်များ အကြောင်းကို စိတ်အားထက်သန်စွာ ရှင်းလင်းပြသပေးကြသည်ကိုလည်း တွေ့ရသည်။

ယနေ့ ဈေးရောင်းပွဲတော်တွင် ပျဉ်းမနားမြို့ ဒေသထွက်ကုန်များ အရောင်းပြခန်း၊ ကောင်းရွှေစည် မြန်မာ့တွင်းထွက် စစ်စစ်ကျောက်မျက်အရိုင်း/အချောနှင့် လက်ဝတ်ရတနာ ရောင်းဝယ်ရေးဆိုင်၊ NYI NYI ရခိုင်မုန့်တီနှင့် စားဖွယ်စုံအရောင်းဆိုင်၊ ဗမာမိတ် အင်းလေးချည်နှင့် ရိုးရာဝတ်စုံ အရောင်းဆိုင်၊ မောခမ်းနွံ စားဖွယ်စုံ အရောင်းဆိုင်၊ San Thiri မိသားစု အအေးမျိုးစုံနှင့် စားဖွယ်စုံ အရောင်းဆိုင်နှင့် ဈေးသည်ကြီး မြန်မာ့မုန့်မျိုးစုံ အရောင်းဆိုင်တို့တွင် တန်ဆောင်တိုင်ပွဲတော် ပါဝင်ဆင်နွှဲကြသည့် ဘုရားဖူးလာပြည်သူများက လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်များကို စိတ်ကြိုက်ဝယ်ယူကြရာ ပစ္စည်းများ ပြတ်လပ်သည်အထိ ရောင်းချခဲ့ရကြောင်း သိရသည်။

ထို့အတူ ပွဲတော်လာ ဘုရားဖူးပြည်သူများ မြန်မာ့ဇာတ်သဘင် အနုပညာကို ခံစားကြည့်ရှုနိုင်စေရန်အတွက် အခမဲ့အဖြစ် နိုင်ငံကျော် ဇာတ်မင်းသား ဖိုးချစ် ဇာတ်ပွဲသဘင်ကို ဖျော်ဖြေရေး အစီအစဉ်တွင် ထည့်သွင်းခဲ့ပြီး အနုသုခုမ သဘင်ပညာသည် ရုပ်ရှင်ကဲ့သို့ မဟုတ်ဘဲ ပွဲကြည့်ပရိသတ်ကို တိုက်ရိုက်တင်ဆက် သရုပ်ဆောင် ကပြကြရသည့် အတွက် ဖိုးချစ်ဇာတ်ပွဲသဘင်၏ ပထမည ဖျော်ဖြေတင်ဆက်မှုများကို သဘင်ချစ်မြတ်နိုးသူများက ဂုဏ်ယူဖွယ် တွေ့မြင်ခံစားခဲ့ရသည်မှာ ဖရဏာပီတိ ဂွမ်းဆီထိသည့်ပမာ ဖြစ်ခဲ့ရသည်။

ယနေ့ ဒုတိယည ဖျော်ဖြေတင်ဆက်မှုတွင်လည်း ဇာတ်မင်းသား ဖိုးချစ် ဇာတ်ပွဲသဘင်က ခေတ်မီသည့် စင်မြင့်အပြင်အဆင်များ၊ အသံစနစ်များ၊ ခေတ်မီနည်းပညာရပ်များ၊ ဆိုင်းဝိုင်းကြီးနှင့် အနောက်တိုင်းတူရိယာများ၏ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်မှုများနှင့် တွဲဖက်၍ သဘင်ပညာရှင်များ၏ ဇာတ်စာ၊ ဇာတ်ဝင်သီချင်း၊ ဇာတ်ဝင်အပြောအဆို၊ ကကြိုးကကွက်များ၊ ချစ်ကြည်စည်းလုံးညီညွတ်မှုကို အဓိကထား၍ လက်၊ ခြေ၊ ခေါင်း၊ ခါး အတိမ်းအစောင်း ညီညွတ်မှုဖြင့် ကရသည့် ယိမ်းအက၊ မြို့ရွှေမန်းသားဖိုးချစ်အက အဖွဲ့က "ဗိုလ်အောင်ဒင်" ဟာသကပွဲ၊ အဆို အငို အပြောများဖြင့် ဇာတ်၏ အနှစ်သာရကို ရုပ်လုံးပေါ်အောင် တင်ဆက်ရသည့် "နှစ်ပါးစုံမှရွာသည့်မိုး"အော်ပရာနှင့် "တစ်လောကလုံးမှ တစ်ယောက်ထဲ ချစ်မယ်" ပြဇာတ်၊ ပရိသတ်အကြိုက် ခေတ်ပေါ် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေသည့် စတိတ်ရှိုး အစီအစဉ်၊ ဇာတ်မင်းသား ဖိုးချစ်၏ အဆို၊ အပြော၊ အကပညာရပ်များဖြင့် အနုပညာစွမ်းရည်များကို ဂုဏ်ယူအားရဖွယ်တင်ဆက်မည့် "အကခုနစ်ဖြာ အနုပညာ" နှစ်ပါးသွား အစီအစဉ်၊ လူရွှင်တော်များက စိတ်နှလုံးပျော်ရွှင်ဖွယ် ဟာသပြက်လုံးများနှင့် ဟာသ တစ်ခန်းရပ်များကို ဌာန်ကရိုဏ်းကျကျ၊ စည်းဝါးကျကျ သီဆိုကပြဖျော်ဖြေ တင်ဆက်မှုများအား အနုသုခုမ သဘင်အား ချစ်မြတ်နိုး၍ စိတ်ဝင်တစား လာရောက်အားပေးကြည့်ရှုကြသည့် ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် ပွဲတော်လာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ တန်ဆောင်တိုင်ပွဲတော်ကို ပါဝင်ဆင်နွှဲ၍ စိတ်အပန်းပြေစေရန် ခေတ်ပေါ်တေးဂီတ (စတိတ်ရှိုး) ဖျော်ဖြေရေး အစီအစဉ်အဖြစ် နိုင်ငံကျော် တေးသံရှင်များဖြစ်သည့် ကိုင်ဇာ၊ ဝေလ၊ နေမင်းအိမ်၊ လွှမ်းပိုင်၊ ရွှေထူး၊ ဂျီလတ်၊ ဝေကြီး၊ ဟဲလေး၊ ဖြိုးကြီး၊ ဝနှ၊ J Fire၊ ဖော်ဝေး၊ ဂျူးလေး၊ ကော်နီ၊ ဆုပန်ထွာ၊ ဝိုင်းစုခိုင်သိန်း၊ ချယ်ရီသင်း၊ စန္ဒီမြင့်လွင်၊ ရတနာမိုင်၊ အိုင်းရင်းဇင်မာမြင့်၊ ဆုထက်လှိုင်၊ မိစန္ဒီ၊ သားစိုး၊ သံသာမိုးသိမ့်၊ နန်းဆုရတီစိုးနှင့် တေးသံရှင်များက Hi Bird Music Band နှင့် Runner Music Band တို့၏ တီးခတ်မှုနှင့်အတူ တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် အလှည့်ကျဖျော်ဖြေ သီဆိုပေးကြရာ ပျော်ရွှင်တက်ကြွစွာ လာရောက်နားဆင်ခံစားကြသည့် ပြည်သူများဖြင့်လည်း အထူးစည်ကားခဲ့သည်။

အလားတူဘုရားဖူးလာကလေးငယ်များအတွက် အစီအစဉ်ကောင်းတစ်ခုအဖြစ် ထည့်သွင်းထားသည့် ကလေးကစားကွင်းများ၌လည်း ကလေးစီးရထားဝိုင်းနှင့် ချားဝိုင်း၊ ကလေးစီးလှုပ်စီနှင့် ကလေးစီးဒုံး၊ ပျော့အိ၊ ကလေးစီးကားစသည့် ကလေးကစားနည်းများ စုံစုံလင်လင်ထည့်သွင်းထားရာ ကစားနည်းများအလိုက် စိတ်ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကစားနေကြသည့် ကလေးငယ်များ၏ ချစ်စဖွယ် ပုံရိပ်များကိုလည်း တွေ့မြင်ရပြီး ရဟတ်၊ ပင်လယ်ဓားပြလှေနှင့် ပျော်ရွှင်ဖွယ်ရာ Game အစီအစဉ်များတွင် ပါဝင်ဆင်နွှဲကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားခဲ့သည်။

အဆိုပါ တန်ဆောင်တိုင် ဈေးရောင်းပွဲတော်၊ ဖိုးချစ်ဇာတ်ပွဲသဘင်နှင့် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်များကို နိုဝင်ဘာ ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည့်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင် မီးထွန်းပွဲတော်ကြီးကို ဆင်နွှဲကုသိုလ်ယူရင်း ဈေးရောင်းပွဲတော်ကြီးနှင့် ဖျော်ဖြေရေးအစီအစဉ်များသို့လည်း စိတ်ချမ်းမြေ့ပျော်ရွှင်စွာ လာရောက်ဆင်နွှဲနိုင်ကြောင်း သိရသည်။

သတင်း - ဟိန်းမင်းကျော်

ဓာတ်ပုံ - ဖိုးပြည့်စုံ၊ သီဟ





# ပြည်ထောင်စုဝန်ကြီးများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Travnikov နှင့်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၃

ပြည်ထောင်စုဝန်ကြီးများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး H.E.Mr. Andrey Travnikov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ကျင်းပသည်။





ပြည်ထောင်စု ဝန်ကြီးများနှင့် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး H.E.Mr. Andrey Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

### ဆွေးနွေး

တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံလေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲရေး၊ လေကြောင်းလိုင်းများ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ခရီးသွားဧည့်သည်များ လည်ပတ်နိုင်ရေး၊ ရုရှားနိုင်ငံ၌ နှစ်စဉ်ကျင်းပသည့် ခရီးသွားဖိုရမ်နှင့် ခရီးသွားပြပွဲများတွင် စဉ်ဆက်မပြတ် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာပါ အချက်များ အကောင်အထည်ဖော်ရေး၊ နှစ်နိုင်ငံ အစားအသောက်နှင့် အချက်အပြုတ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-ရုရှား ယဉ်ကျေးမှုနှင့် ပြန်ကြားရေးဌာန ထူထောင်ရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး သဘောတူ စာချုပ်လက်မှတ်ရေးထိုးရေး၊ နှစ်နိုင်ငံအမျိုးသားစာကြည့်တိုက်များ အကြား ပူးပေါင်းဆောင်ရွက်မှု သဘောတူ စာချုပ် လက်မှတ်ရေးထိုးနိုင်ရေး၊ နှစ်နိုင်ငံယဉ်ကျေးမှုနှင့် အနုပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှတ်တရလက်ဆောင်ပေးအပ်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ဒေါ်နုမြဲ့နှင့် ဦးဖြိုးဇော်စိုး၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး H.E.Mr. Andrey Travnikov အား အမှတ်တရလက်ဆောင်ပေးအပ်စဉ်။

# မြန်မာ-ရုရှား နှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲ ကျင်းပ





နေပြည်တော် နိုဝင်ဘာ ၃

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်ကျင်းပပြုလုပ်သည့် မြန်မာ-ရုရှား နှစ်နိုင်ငံဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲကို ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး)ရှိ မီတာ ၆၀၀ အာဆီယံ စက်ပစ်ကွင်း၌ နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ် အောင်မျိုးသန့်နှင့် အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်း ဗိုလ်လောင်းများ၊ ရုရှားနိုင်ငံ ရုရှားတပ်မတော်မှ သေနတ်ပစ်အသင်းအဖွဲ့ခေါင်းဆောင် Lieutenant Colonel Andrey SEMENENKO၊ ဒုတိယစစ်သံမှူး Lieutenant Colonel Aleksei OLEINIKOV ၊ နည်းပြအရာရှိများနှင့် ပြိုင်ပွဲဝင်ဗိုလ်လောင်းများ တက်ရောက်ကြသည်။

ဦးစွာ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ-ရုရှား နှစ်နိုင်ငံအလံကို စက်ပစ်ကွင်းအတွင်း သယ်ဆောင်ပြီး နှစ်နိုင်ငံအလံလွှင့်ထူကာ အလေးပြုကြသည်။ ထို့နောက် ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ် အောင်မျိုးသန့်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်တရစုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ မီတာ ၃၀၀ ဗိုလ်လောင်းရိုင်ဖယ်ပစ်ပြိုင်ပွဲ၊ ၂၅ မီတာ ဗိုလ်လောင်း ပစ္စတိုပစ်ပြိုင်ပွဲ စသည့် ပြိုင်ပွဲအမျိုးအစားအလိုက် သေနတ်ပစ်ပြိုင်ပွဲကို သုံးရက်ကြာ ကျင်းပခဲ့ပြီး ပိတ်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ် အောင်မျိုးသန့်က အမှာစကားပြောကြားသည်။ ယင်းနောက် ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများနှင့် အသင်းလိုက် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ မြန်မာ-ရုရှား နှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲကို ရုရှား-မြန်မာနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်စေရန်၊ နှစ်နိုင်ငံဗိုလ်လောင်းများ ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်နှင့် နှစ်နိုင်ငံသေနတ်ပစ်အားကစားနည်းစနစ် ဖလှယ်ရန်အတွက် ရည်ရွယ်၍ကျင်းပခဲ့ခြင်းဖြစ်သည်။

မြန်မာ-ရုရှား နှစ်နိုင်ငံဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲသို့တက်ရောက်လာကြသော ရုရှားသေနတ်ပစ်အသင်း အဖွဲ့ခေါင်းဆောင် Lieutenant Colenel Andrey SEMENENKO နှင့် နည်းပြအရာရှိများ၊ ပြိုင်ပွဲဝင်ဗိုလ်လောင်းများသည် ဗထူးတပ်မြို့သို့ ရောက်ရှိစဉ် အောင်မြေစကြာမင်္ဂလာဆုတောင်းပြည့်ဘုရား၊ ဗထူးစမ်း၊ ရပ်စောက်မြို့မဈေးနှင့် မြို့နေပြည်သူများစုပေါင်း၍ ဘုံကထိန်အတွက် လှူဒါန်းထားသောပဒေသာပင်များ လှည့်လည်နေမှုကို စိတ်ဝင်တစား သွားရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန် ၅၄ ရက် သာ လိုတော့သည်။**

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅)ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅)ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် ၁၀၀ မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅)ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅)ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP)မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## ပုဂံယဉ်ကျေးမှုနယ်မြေရှိ ဟိုတယ်၊ တည်းခိုခန်းများတွင် တန်ဆောင်တိုင်ကာလ ကြိုတင်အခန်းငှားသူ များပြားပြီး စည်ကားလျက်ရှိ

**မန္တလေး နိုဝင်ဘာ ၃**

တန်ဆောင်တိုင်ကာလတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးရန်နှင့်လည်ပတ်အနားယူရန်အတွက် ဟိုတယ်၊ တည်းခိုခန်းများတွင် ကြိုတင်အခန်းငှားသူ များပြားပြီးစည်ကားလျက်ရှိကြောင်း သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် နေ့ကြီး၊ ရက်ကြီးများနှင့် ပိတ်ရက်ရှည်ကာလများ၌ ပုံမှန်ရက်များထက် ခရီးသွားဧည့်သည်ဝင်ရောက်မှုများပြားသဖြင့် ဟိုတယ်၊ တည်းခိုခန်းများတွင် တည်းခိုသူ များပြားလေ့ရှိကြောင်း ပုဂံဒေသခံ ဟိုတယ်၊ ခရီးအပြီးစားဝန်ထမ်း တစ်ဦးက ပြောသည်။

"တန်ဆောင်မုန်းလပြည့်မတိုင်မီ ၂ရက် အလိုကတည်းက ခရီးသွားတွေရောက်နေကြပြီ။ ခါကြီးရက်ကြီးဆိုရင် ခရီးသွားများတယ်။ ကျန်တဲ့ရက်တွေမှာတော့ ဧည့်သည်နည်းတယ်။ လက်ရှိမှာ ပြည်တွင်းခရီးသွားဧည့်သည်ပဲ များတယ်။ ပုဂံ-ညောင်ဦးမှာက ခရီးသွားဧည့်သည်လာမှ ဒေသခံတွေ အလုပ်ဖြစ်ကြတာဆိုတော့ ဒီလိုရက်တွေကို မျှော်ကြရတယ်"ဟု ၎င်းက ပြောသည်။

ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဟိုတယ်၊ တည်းခိုခန်းပေါင်း ၁၀၀ ဝန်းကျင်ရှိပြီး ယခုကဲ့သို့ ရက်များတွင် ရက်တစ်ပတ်ခန့်ကတည်းက ကြိုတင်၍ အခန်းငှားသူများပြားကြောင်းနှင့် ဒေသခံများ၏ စားသောက်ဆိုင်များ၊ ဒေသထွက်ကုန်ရောင်းချသူများ၊ Taxi များ၊ မြင်း လှည်းများဖြင့် ပုဂံမြို့တွင်းလည်ပတ်သဖြင့် ၎င်းတို့အတွက် ဝင်ငွေကောင်းသည့် ကာလဖြစ်ကြောင်း သိရသည်။

"ပြည်တွင်းခရီးသွားဝင်ရောက်မှုက မနှစ်ကလိုပဲ များမှာပါ။ ဟိုတယ်မှာ Booking ကြိုလုပ်ထားကြပေမယ့် တချို့လည်း မလာဖြစ်တာမျိုးရှိတယ်။ Taxi တွေ၊ E-Bike ငှားသူတွေနဲ့ မြင်းလှည်းသမားတွေ ဝင်ငွေကောင်းချိန်ဖြစ်သလို ဧည့်သည်အများစုကသူတို့ အပြန်မှာ ပုဂံအမှတ်တရပစ္စည်းတွေ ဝယ်ကြလို့ ရောင်းအားကောင်းချိန်ပေါ့"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဟိုတယ်၊ တည်းခိုခန်းဈေးနှုန်းများမှာ ဝန်ဆောင်မှုနှင့် အခန်းပြင်ဆင်ထားရှိမှုများပေါ်မူတည်၍ ငွေကျပ် ၃၀၀၀၀ မှ ၈၀၀၀၀ ဝန်းကျင် ပေါက်ဈေးရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**



## နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် KIA အဖွဲ့ဝင် အမျိုးသားနှစ်ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

**နေပြည်တော် နိုဝင်ဘာ ၃**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် KIA အဖွဲ့ဝင် အမျိုးသား နှစ်ဦးတို့သည် ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။



အဆိုပါဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် KIA အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြားကာ အချင်းချင်းဖိုလ်ကျနိုပ်စက်၍ ဖိနှိပ်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရပြီး အသေခံရမည့်နေရာများတွင်သာ လုပ်ဆောင်စေခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း စသည့် အကြမ်းဖက် လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်းတို့ အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်လိုခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသည့် KIAအဖွဲ့ဝင် နှစ်ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မိုးကောင်းမြို့ မိုးကောင်းတပ်နယ်ခန်းမ၌ ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မိုးကောင်းတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ မိုးကောင်းတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက တရားဥပဒေပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် KA-25 တစ်လက်၊ MA-4 တစ်လက်၊ KA-25 ကျည်အိမ် လေးခု၊ အမ်အေကျည်အိမ် သုံးခု၊ KA-25 ကျည်တောင့် ၁၁၀၊ အမ်အေကျည် ၅၉ တောင့်နှင့် ၄၀ မမ ဗုံးသီး ရှစ်လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တာဝန်ရှိသူများက လက်ခံရယူသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသည့် KIAအဖွဲ့ဝင် နှစ်ဦးအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပေးသည်။ ၎င်းနောက် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်းသိရသည်။**သတင်းစဉ်**

# အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ က
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၃

**အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးထွန်းအောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



**လေးစားအပ်ပါသော မဲဆန္ဒရှင်မိဘပြည်သူများ ခင်ဗျား**

စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော်တို့ အာခါတိုင်းရင်းသားများဟာ ရှမ်းပြည်နယ်အရှေ့ပိုင်း သံလွင်မြစ်အရှေ့ခြမ်း ဒေသတွင်သာ ပျံ့နှံ့နေထိုင်လျက်ရှိသည့် လူမျိုးစုတစ်စုဖြစ်ပါတယ်။ မိမိတို့ အာခါတိုင်းရင်းသားများဟာ ဝတ်စားဆင်ယင်မှု ရိုးရာဓလေ့ယဉ်ကျေးမှု အမွေအနှစ်များကို ယနေ့ထိတိုင် ထူးထူးခြားခြား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော မျိုးနွယ်စုတစ်မျိုးဖြစ်ပါတယ်။ မိမိတို့ အာခါတိုင်းရင်းသားလူမျိုးစု၏ အမျိုးသားရေးကို ဖော်ဆောင်သောအားဖြင့် ဒီဇင်ဘာလ ၂၈ ရက်နေ့ကျရောက်တိုင်း အာခါအမျိုးသားနေ့ကို ကျင်းပခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ရွှေရတုသဘင် အာခါအမျိုးသားနေ့ တိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းရွှေရတု အာခါအမျိုးသားနေ့ကို ယခု နိုင်ငံတော်ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ သဝဏ်လွှာပေးပို့ချီးမြှင့်ပြီး အာခါအမျိုးသားများ၏ အမျိုးသားရေးဆောင်ရွက်ခဲ့မှုများကို အသိအမှတ်ပြုခဲ့ပါသည်။ မိမိလူမျိုးတို့၏ အမျိုးဂုဏ်ကို ထိန်းသိမ်းမြှင့်တင်နိုင်ရန်အတွက် မိမိတို့၏ ရိုးရာယဉ်ကျေးမှုအစဉ်အလာများဖြစ်သည့် ခါးထောင်းဖားပွဲတော်၊ ဒန်းစီးပွဲတော်၊ ကြက်ဥနီပွဲတော် စသော ရိုးရာဓလေ့ကို အခြေခံသောပွဲတော်များ စဉ်ဆက်မပြတ် ဖော်ထုတ်ကျင်းပပေးခြင်းဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါတယ်။ ပါတီ၏ဆောင်ပုဒ်၊ ပါတီ၏အလံ၊ ပါတီ၏ အမှတ်တံဆိပ်တို့ကို ရှင်းပြပေးလိုပါတယ်။

ပါတီ၏ဆောင်ပုဒ်မှာ မိမိတစ်ဦးချင်းစီ၌ရှိသော အရည်အချင်းများကို စုပေါင်း၍ မိမိတို့အမျိုးဂုဏ်ကို မြှင့်တင်ကြစို့ဟူ၍ ဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ မိမိလူမျိုး၊ မိမိဒေသနှင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် နိုင်ငံသားတိုင်း၌ တာဝန်ရှိသည်ဟု ဖော်ဆောင်ပါတယ်။

ပါတီ၏အလံမှာ အလယ်ဗဟိုတွင် အနီရောင်ရှိပြီး ပတ်ပတ်လည်မှာ ဝါ၊ စိမ်း၊ ဖြူ၊ ပြာ ဝန်းရံနေတာကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများသည် နေမင်းကြီး၏အောက်မှာ တန်းတူညီမျှအခွင့်အရေးရှိသည်ဟု ဖော်ဆောင်ပါတယ်။

ပါတီ၏ အမှတ်တံဆိပ်မှာ "ဒန်း"ပုံဖြစ်ပြီး အာခါရိုးရာဓလေ့မှ စည်းလုံးညီညွတ်ခြင်း သို့ဟူသော အဓိပ္ပာယ်ကို ဖော်ဆောင်ပါတယ်။ မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံရေးပါတီများပေါ်တွင် များစွာမှီတင်းနေပါသည်ဟု သုံးသပ်ပါတယ်။ နိုင်ငံရေးပါတီအဖွဲ့အစည်းများကသာလျှင် မိမိတို့နေထိုင်ရာဒေသအနှံ့အပြားရှိ အောက်ခြေလူထုအထိ ထဲထဲဝင်ဝင် ထိတွေ့ဆက်ဆံနိုင်သည်ဖြစ်၍ လူထု၏လိုအပ်ချက် မြေပြင်အခြေအနေမှန်များကို ထိတွေ့သိရှိနိုင်မည်ဖြစ်ပါတယ်။ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ စတင်ဖွဲ့စည်းစဉ်ကတည်းကပင် မူဝါဒများချမှတ်ပြီး ဖွဲ့စည်းခဲ့ပါတယ်။ မူဝါဒအချို့ကို တင်ပြရမည်ဆိုလျှင် အာခါအမျိုးသားရေး၊ မိမိတို့ အာခါအမျိုးသားများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးစသည့် အခြေခံလိုအပ်ချက်များကို မိမိတို့ အာခါလူမျိုးများသာလျှင် ပိုမိုထိတွေ့သိရှိနိုင်ပြီး ပံ့ပိုးဆောင်ရွက်မှုအပိုင်းမှာလည်း အာခါလူမျိုးများကသာ ပိုမိုကျယ်ပြန့်ထိရောက်စွာ တာဝန်ယူဆောင်ရွက်နိုင်မည်ဟုယုံကြည်ပါတယ်။ အာခါအမျိုးသားများ၏ ရိုးရာဓလေ့ စာပေ၊ ယဉ်ကျေးမှု အနုပညာစသည်များကို ဖော်ထုတ်ထိန်းသိမ်းနိုင်ရန်အတွက် အာခါလူမျိုးများသာလျှင် ဦးဆောင်နိုင်မည်ဟု ယုံကြည်ပါတယ်။

**တိုင်းရင်းသားများအရေး** ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးစု(၁၃၅)မျိုး စုပေါင်းမှီတင်းနေထိုင်ပါတယ်။ တိုင်းရင်းသားများ၏ ကဏ္ဍများတွင် လူမျိုးစုငယ်များ၏ တန်းတူညီမျှရေး အခွင့်အလမ်းများကိုလည်း တိုင်းရင်းသားများ အချင်းချင်းကသာလျှင် ပိုမိုနားလည် ထိတွေ့ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါတယ်။

ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလူမျိုးစုအားလုံး ယုံကြည်မှု၊ နားလည်မှု အပြန်အလှန် တည်ဆောက်နိုင်မှသာလျှင် အောင်မြင်နိုင်မည်ဟု ယုံကြည်ပါတယ်။

လူမျိုးစုများ၏ အမျိုးအမည် နေထိုင်ရာအရပ်ဒေသ ကွဲပြားခြားနားသကဲ့သို့ လူမျိုးစုတစ်မျိုးစီ မတူကွဲပြားသော နိုင်ငံရေးအယူဝါဒများကို သိရှိနားလည် အလေးထားမှသာလျှင် ၎င်းလူမျိုးစုအသီးသီး၏ဂုဏ်ကို မြှင့်တင်နိုင်မည်ဟု ယုံကြည်ပါတယ်။

**ပြည်ထောင်စုအရေး** ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားရပါမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ခုနှစ်အရ တိုင်းရင်းသားလူမျိုးစုရေးရာ ကိုယ်စားလှယ်များသည် တိုင်းရင်းသားလူမျိုးစုများ၏ လိုအပ်ချက်များကို ဖော်ဆောင်နိုင်ရန် ပြည်ထောင်စုအဆင့် ဥပဒေပြုနိုင်သည့် ကိုယ်စားလှယ်များအဖြစ် ပါဝင်နိုင်ရေး အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ရည်မှန်းပါတယ်။ သို့မှသာ ပါတီစုံဒီမိုကရေစီ၏ အနက်အဓိပ္ပာယ်ကို ပြည့်စုံစေမှာ ဖြစ်ပါတယ်။

ပါတီစုံပါဝင်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရ တပ်မတော်နှင့် နိုင်ငံရေးပါတီများ အပြန်အလှန်ယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်မှု မူဝါဒကိုအခြေခံမှသာလျှင် အောင်မြင်နိုင်မည်ဟု ယုံကြည်ပါတယ်။

**တပ်မတော်၏ အခန်းကဏ္ဍ** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ကမ္ဘာ့အလယ်မှာ ထည်ဝါစွာရပ်တည်နိုင်ရန် တိုင်းရင်းသားများ ငြိမ်းချမ်းရေးရယူပြီး ထာဝရငြိမ်းချမ်းရေး အစဉ်တည်တံ့နိုင်ရန်အတွက်လည်းကောင်း၊ ပြည်ပရန်ကို ကာကွယ်ရန်အတွက်လည်းကောင်း၊ နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ရန်အတွက်လည်းကောင်း ခေတ်မီတပ်မတော် တည်ဆောက်ရမည်ဟု ယုံကြည်ပါတယ်။

ယနေ့လတ်တလောဖြစ်ပေါ်နေသော ပြည်တွင်းအခက်အခဲများကို တပ်မတော်က အဓိကနေရာမှ တာဝန်ယူဆောင်ရွက်နေမှုအပေါ် တပ်မတော်အား တတ်စွမ်းသမျှ ကူညီဆောင်ရွက်မှုများ ပြုလုပ်ပြီး အချိန်တိုအတွင်း အေးချမ်းမှသာလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ တက်လှမ်းနိုင်မည်ဟု ယုံကြည်ပါသည်။ လက်ရှိနိုင်ငံတော်၏ အခြေအနေအရ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးရရှိနိုင်ရန် နိုင်ငံရေးပြုပြင်ပြောင်းလဲရေးဖြစ်စဉ်၌ တပ်မတော်သည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ရမည်ဟု ယုံကြည်ပါတယ်။

**လုပ်ငန်းစဉ်** အာခါတိုင်းရင်းသားတို့သည် ပြည်ထောင်စုဖွား ညီနောင်သားချင်း တိုင်းရင်းသားလူမျိုးစုများနှင့်အတူ ချစ်ကြည်ရင်းနှီးစွာဖြင့် အတူလက်တွဲပြီး လိုအပ်သော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အစရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရန် ဦးတည်၍ လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံကျသော အခြေခံစစ်တမ်းကောက်ယူခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် သုံးသပ်ခြင်း၊ မဟာဗျူဟာနှင့် နည်းဗျူဟာများရေးဆွဲခြင်း၊ လုပ်ငန်းများအကောင်အထည်ဖော်ခြင်းများကို စနစ်တကျ အဆင့်ဆင့်အကောင်အထည် ဖော်ဆောင်ပါမည်ဟု ချမှတ်ထားသကဲ့သို့ ပါတီစတင်ဖွဲ့စည်းစဉ်ကတည်းက ယနေ့ချိန်အထိ အာခါတိုင်းရင်းသားများ၏ နိုင်ငံရေးကဏ္ဍ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများကို မပြတ်မလပ် ဖော်ဆောင်လျက်ရှိပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ တိုင်းရင်းသားညီနောင်များခင်ဗျား** အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီသည် (၂၀၂၅)ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ အာခါတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်နှင့် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ကိုယ်စားလှယ်လောင်း(၁၅)ဦး ပါဝင်အရွေးကောက်ခံသွားမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ နိုင်ငံ့ဂုဏ်ကို တစ်ထောင့်တစ်နေရာမှ ဖော်ဆောင်မည်ဖြစ်သော အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအား အာခါတိုင်းရင်းသားများနှင့် ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ တိုင်းရင်းသားညီနောင် မဲဆန္ဒရှင်များ "ဒန်း"ပုံကို ထောက်ခံမဲပေးကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

ငြိမ်းချမ်းကြပါစေ။

**ခေမာရဋ္ဌနေမှ အာခါတိုင်းရင်းသားနှစ်သစ်ကူး "ရွှေရတု"သဘင်ပွဲတော်**

တေးဆို - လီဂါ၊ ထက်အောင်၊ အားဒို၊ အားဖြ၊ ဘူးညာ့၊ ဘူးဘာ့ တေးရေး - အောင်လွင်ငြိမ်း

ဒီဇင်ဘာမြူနှင်းတွေကျ.. ချယ်ရီပန်း ဖူးပွင့်စ
နံနက်ခင်းမိုးသောက်မှာ..မြူးကြွတဲ့ ဗုံမောင်းတီးသံ
V1- အားမာန်တွေနဲ့ ရှမ်းအရှေ့ ခေမာရဋ္ဌမြေက အာခါသွေးချင်းတို့
စုပေါင်းနှစ်သစ်ကူးတဲ့ပွဲ
ရွှေရတုသဘင်ပွဲတော် အမျိုးသားနေ့
ရက်မြတ်ချိန်ခါ...
V2-သမိုင်းအစဉ်အလာ ဘိုးဘွားအမွေပါ
အာခါယဉ်ကျေးမှုဓလေ့ရိုးရာ..
ညီညွတ်မှုနဲ့ တို့တတွေ အမြတ်တနိုး
ထိန်းသိမ်းလို့နေ
အသီးတစ်ရာအညှာတစ်ခု ၁၉၇၅-
အစပြု
နှစ်၅၀-သို့တိုင်လာ မော်ကွန်းသစ်တင်
ဟိုး
ရွှေရတုသဘင်ပွဲတော်
Cho...
- လာပါ လာပါ ဟေ့ မိတ်ဆွေတို့ရာ
ချယ်ရီမြေမှ ဖိတ်ခေါ်လျက်ပါ..
ရွှေရတုသဘင်-နှစ်သစ်ကူးပွဲကို အရောက်လာခဲ့ပါ
- လာပါ လာပါ ဟေ့ အမျိုးဆွေတို့ရာ အာခါရိုးရာစုံ
အောင်မြင်တွေ့ရမှာ..ရိုးသားတဲ့တောင်ပေါ်သူတို့
အလှ ချစ်စရာ..
- ရောင်စုံမီးများနဲ့ မြူနှင်းကြားက ဆောင်းညမှာ..
အတူကရင်းနွှဲပျော်ကြစို့..ရင်ထဲ
အမြဲသတိရ နေမှာပါ...
[အိမ်အပြန် အမှတ်တရ လက်ဆောင်ဝယ်ရင်း..
(အာခါလို နှုတ်ဆက်ကြမယ် "နီဆားအိုလူ" ချမ်းမြေ့ပါစေ)]

**"နှစ် (၅၀)ရွှေရတုသဘင် "**

တေးရေး - ဆရာအားချေး တေးဆို - လီဂါ၊ထက်အောင်၊အားဒို၊ အားဖြ၊ ဘူးညာ့၊ ဘူးဘာ့

V1: ကောင်းကင်မြေကြီး ဖန်ဆင်းရာဝယ်
ကောက်ပဲသီးနှံ ဖန်ဆင်းလို့ကွယ်
အမျိုးဘာသာ ထွန်းကားစေရေး
ရိုးရာဓလေ့ ထိန်းသိမ်းစို့လေ
V2: စည်းလုံးခြင်းဖြင့် နှစ်သစ်ကူးရင်း
အာခါအမျိုးသားနေ့ အစပြုတယ်လေ
ဘိုးဘွားတို့အား အစဉ်အောက်မေ့ကြ
ဦးဆောင်သူတို့အား လေးစားကြ
CHO: နှစ်ပေါင်းငါးဆယ်ပြည့်မြောက်လေပြီ
ရွှေရတုသဘင်ပြည့်လေပြီ
အာခါအမျိုးသားနေ့အား ဂုဏ်ပြုကြ
အာခါအလံအား အလေးပြုကြ
ကောင်းကင် မြေကြီး တည်နေသရွေ့
နေနှင့် လမင်း တည်ရှိနေသရွေ့
အာခါအမျိုးသားနေ့ကို အောက်မေ့ကြ
အာခါအမျိုးသားနေ့ကို နှလုံးသွင်းကြ
V3: အာခါအမျိုးသား စည်းလုံးမယ်လေ
အာခါအမျိုးသား ညီညွတ်မယ်လေ အမျိုးသားအရေး ဝန်ဆောင်မယ်လေ
အမျိုးသားတာဝန်ထမ်းဆောင်စို့လေ

**"ဆန္ဒမဲပေးကြစို့ "**

တေးရေး - ယာထွန်း(ခ)ယားဝန်း တေးဆို - ယာထွန်း(ခ)ယားဝန်း ဘူးဘာ့

V1: အာခါအမျိုးသားတို့ မဲသွားပေးကြစို့
အာခါအမျိုးသားတို့ ဒန်းပုံ ဒန်းပုံကို မမေ့နဲ့နော်
အာခါအမျိုးသားတို့ သွေးစည်းကြစို့
အာခါအမျိုး ဆယ်နွယ်ရှိလည်း တစ်အူထုံ့ဆင်းပါ
CHO: လူကြီးလူငယ်သွေးစည်း လက်တွဲလို့ရှေ့သို့ချီ
ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ နှလုံးသွင်းလို့
အာခါအမျိုးသားတို့ အောင်ပွဲဆင်ရမည်
V2: အာခါအမျိုးသားတို့ သွေးစည်းကြပါစို့
နယ်ခြားမြေခြားနေထိုင်ရသော်လည်း အာခါသွေးချင်းတွေပါ
အာခါအမျိုးသားတို့ သွေးစည်းကြစို့
အာခါအမျိုး ဆယ်နွယ်ရှိလည်း တစ်အူထုံ့ဆင်းပါ
အမျိုးသားတာဝန် ထမ်းဆောင်ကြစို့လေ......

# မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး(၃၆)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနား ကျင်းပ





**မန္တလေး နိုဝင်ဘာ ၃**

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား(၃၆)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ခြင်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မဟာမုနိဘုရားကြီးတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မဟာမုနိဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်းနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်စတင်ခြင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ရွှေမိုးငွေမိုးများ ရွာသွန်းပေးပြီး မသိုးမြတ်သင်္ကန်းတော်အတွက် ဗိုင်းငင်ဝါဖတ်မှစတင်ကာ ရက်ကန်းစင်တော်များဖြင့် အဆင့်ဆင့်ရက်လုပ် လှူဒါန်းပူဇော်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ရက်ကန်းပညာရှင်၊ စက်ချုပ်ပညာရှင်၊ လုပ်အားဒါနပြုအဖွဲ့အားရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်းနှင့် အဆိုပါ မသိုးမြတ်သင်္ကန်းတော်အား ညတွင်းချင်းရက်လုပ်၍ တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၄ ရက်)နံနက်ပိုင်းတွင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**



## မန္တလေးနန်းမြို့ရိုးမှ လျှောင်ကြောင့် ပျက်စီးခဲ့မှုများကို ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် အပြီးဆောင်ရွက်မည်

**မန္တလေး နိုဝင်ဘာ ၃**

မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုဒဏ်ကြောင့် မန္တလေး(ရတနာပုံ)နန်းမြို့ရိုးတွင် ပျက်စီးမှုများရှိခဲ့ရာ ရှေးမူမပျက် ပြင်ဆင်မွမ်းမံမှုလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ သိရသည်။ **(အောက်ပုံ)**

"ငလျင်ကြီးလှုပ်ပြီးတဲ့နောက် ပျက်စီးမှုတွေ လိုက်လံစစ်ဆေးတယ်။ စာရင်းပြုစုတယ်။ အောက်ခြေခံ (ပြအိုး)တွေ ပျက်စီးမှုနဲ့ ပြာသာဒ်ဆောင်ပျက်စီးမှုတွေရှိခဲ့တယ်။ အဲဒီစာရင်းကို သက်ဆိုင်ရာ အသီးသီးထံ တင်ပြပြီး ပြင်ဆင်မှုတွေလုပ်ရာမှာ ရှေးဟောင်းသုတေသန (မန္တလေးဌာနခွဲ)အနေနဲ့ လုပ်ငန်းကြီးကြပ်ရပါတယ်"ဟု ယင်းဌာနတာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးနန်းမြို့ရိုးတွင် ပြာသာဒ်ငယ် ၃၂ ခု၊ ပြာသာဒ်ဆောင်အကြီး ၁၆ ခု၊ စုစုပေါင်း ၄၈ ခုရှိသည့်အနက် ပျက်စီးမှုရှိသည်များကိုလည်းကောင်း၊ မြို့ရိုးပျက်စီးမှုများကိုလည်းကောင်း၊ မြို့တံခါးပေါက်များတွင်ရှိသော မီးတားအုတ်အကာအရံများကိုလည်းကောင်း ပြုပြင်ဆောင်ရွက်နေပြီး စစ်ဆေးရေးအဖွဲ့အဆင့်ဆင့်ဖြင့် ကြီးကြပ်ကွပ်ကဲလျက်ရှိသည်။

"ပြုပြင်ရေးအတွက် လုပ်ငန်းတင်ဒါခေါ်ပါတယ်။ ပထမတင်ဒါမှာ တင်ဒါအောင်တဲ့ ကုမ္ပဏီက လုပ်ငန်းတွေဆောင်ရွက်နေပြီး ကျန်တဲ့အပိုင်းအတွက် တင်ဒါခေါ်ယူပြီး ဖြစ်ပါတယ်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှာ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းတွေ ပြီးစီးအောင် ဆောင်ရွက်သွားမှာပါ"ဟု ၄င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောင်ရွက်ကြောင်း၊ နန်းမြို့ရိုး၏ အရှေ့ဘက်နှင့် တောင်ဘက်တွင်လည်းကောင်း၊ အနောက်ဘက်နှင့် မြောက်ဘက်တွင်လည်းကောင်း လုပ်ငန်းနေရာနှစ်ခုခွဲကာ သတ်မှတ်ကာလတွင် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-ဇ)**



## စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး အကြိုလုပ်ငန်းညှိနှိုင်းစည်းဝေး

**နမ့်စန် နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်မြို့နယ်တွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျောင်းသားလူငယ်များ စာဖတ်သည့် အလေ့အထတွင် ပျော်မွေ့လာစေရန် အခြေခံပညာကျောင်းများကို အခြေခံ၍ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အောင်မြင်စွာ ကျင်းနိုင်ရေးအတွက် အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မြို့နယ်ပြည်သူ့စာကြည့်တိုက်ရှိ လူထုအခြေပြုဗဟိုဌာန(Community Centre) တွင် ပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာအောင်နှင့်ဝန်ထမ်းများ၊ မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများ၊ နမ့်စန်မြို့နယ်နှင့် ခိုလမ်မြို့ရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပမည့် လုပ်ငန်းစီမံချက်၊ ပညာရေးဌာနနှင့် သက်ဆိုင်သော ဖွင့်ပွဲ၊ ပိတ်ပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများ ဆောင်ရွက်မည့် အစီအစဉ်နှင့် အခြားလိုအပ်သည်တို့ကို ဆွေးနွေးခဲ့ရာ တက်ရောက်လာကြသူများက ပြိုင်ပွဲအမျိုးအစား၊ ပြိုင်ပွဲဝင်ကျောင်းသားဦးရေ၊ ပြိုင်ပွဲကျင်းပမည့် အချိန်နှင့် နေ့ရက်၊ ပြိုင်ပွဲစည်းမျဉ်းများ၊ အမှတ်ပေးစည်းမျဉ်း၊ စည်းကမ်းများနှင့် အခြားလိုအပ်သည်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို နမ့်စန်မြို့ အ-ထ-က (နမ့်စန်)တွင် ဒီဇင်ဘာလ ၁ ရက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ဖွင့်ပွဲ၊ ပိတ်ပွဲ အစီအစဉ်များ၊ ကျောင်းပေါင်းစုံ ထက်၊ လယ်၊ မူစာစီစာကုံး၊ ကဗျာရွတ်၊ ပုံပြင်ပြော၊ ကျပန်းစကားပြော၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများနှင့် ကာယဉာဏ လှုပ်ရှားမှု ပျော်ပွဲရွှင်ပွဲပြိုင်ပွဲများ၊ စာပေဟောပြောပွဲ၊ စာအုပ်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်အရောင်းပွဲတော်များ ပါဝင်ကြောင်း မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိသော နိုင်ငံသားများကို ဝယ်ယူခွင့်ပြုမည်

**မန္တလေး နိုဝင်ဘာ ၃**

အကြိမ်(၆၀)မြောက် ကျောက်မျက်ရတနာပြပွဲပြုလုပ်မည်ဖြစ်ရာ ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိသည့် နိုင်ငံသားများကို ဝယ်ယူခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

အကြိမ်(၆၀)မြောက် ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၁၇ ရက်မှ ၂၆ ရက်အထိ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ပြုလုပ်သွားမည်ဖြစ်သည်။

"ကျောက်မျက်ရတနာ လုပ်ငန်းလုပ်ကိုင်သူတွေကို သူတို့လုပ်ကိုင်တဲ့ ကဏ္ဍအလိုက် လိုင်စင်လုပ်ရပါတယ်။ အရောင်းအဝယ်လိုင်စင်၊ ထုတ်လုပ်မှုလိုင်စင် စသဖြင့်ပေါ့။ အဲဒီအတွက် တစ်နိုင်ငံလုံး အတိုင်းအတာအရဆိုရင် လုပ်ငန်းလိုင်စင် ၅၇၀၀ နီးပါး ထုတ်ပေးထားတယ်လို့ သိရတယ်"ဟု ကျောက်မျက်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူပြီး ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်း လုပ်ကိုင်ကြသည့် နိုင်ငံသားကျောက်မျက်ရတနာ လုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူခွင့်ပြုမည် ဖြစ်သည်။

(၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ထိုင်းဘတ်ငွေ၊ ယွမ်ငွေ၊ ကျပ်ငွေများဖြင့် ပုလဲ အတွဲပေါင်း ၃၇၉တွဲ၊ ကျောက်မျက်အတွဲ ၈၈ တွဲ၊ အုပ်စု- A ၊ အုပ်စု- B မှ ကျောက်စိမ်းအတွဲ ၁၅၃၉ တွဲ၊ အုပ်စု -C မှ ကျောက်စိမ်းအတွဲ ၁၇၁၂ တွဲ ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ဇ)**

# ဥာပနာအမွေအနှစ်နဲ့ ကထိန်

**ရက္ခိတ(ရှေး/သု)**

'သီတင်းကျွတ်ပွဲတော်ကြီးပြီးတော့ တန်ဆောင်မုန်း တန်ဆောင်တိုင် ဆီမီးကမြိုင် မသိုးအလှ မြတ်သင်္ကန်းကပ်ဖို့ ရွှေတိဂုံကုန်းတော်မြိုင်မြိုင်ဆိုင် ကထိန်သင်္ကန်းမို့ ကပ်လှူလို့မဆုံး ခင်ပြုံးသူဇာ ကေသီခိုင်' အဆိုတော် ကိုမြကြီးသီဆိုခဲ့တဲ့ ကျွန်တော်တို့ခေတ်က အလွန်ရေပန်းစားခဲ့သော ကထိန်နဲ့ပတ်သက်တဲ့ သီချင်းလေးထဲက စာသားလေးတချို့ ဖြစ်ပါတယ်။ သီချင်းတစ်ပုဒ်လုံးမရရင်တောင် အထူးသဖြင့် 'မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်'ဆိုတဲ့ သံပြိုင်အပိုဒ်ကိုတော့ ရကြ၊ မှတ်မိကြမှာပါ။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများအတွက် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှစပြီး တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လတာအချိန်ဟာ အလွန်ထူးမြတ်တဲ့ ကထိန်ကာလဖြစ်လို့မို့ ဒီသီချင်းက ဒီကာလမှာ ကြားနေရခြင်း ဖြစ်ပါတယ်။ ကထိန်ဟာ သံဃာတော်များအတွက်သာမက ဗုဒ္ဓဘာသာဝင် မြန်မာများအတွက် ဒါယကာနဲ့ ဆရာဆက်ဆံရေးမှာ အရေးပါတဲ့ ပွဲတော်လည်း ဖြစ်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ မြတ်ဗုဒ္ဓသာသနာမှာ ပရိသတ် လေးပါး ရှိပါတယ်။ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပသကာနဲ့ ဥပါသိကာမတို့ ဖြစ်ကြတယ် ဆိုတဲ့အတိုင်း ဘိက္ခုဆိုတဲ့ သံဃာတော်များ အဓိက ပါဝင်ပါတယ်။ အဲ့ဒီ သံဃာတော်များဟာ ဥပသကာနဲ့ ဥပါသိကာမလို့ဆိုတဲ့ ဒါယကာ၊ ဒါယိကာမများရဲ့ ပစ္စည်းလေးပါးဆိုတဲ့ အထောက်အပံ့နဲ့ ရပ်တည်ကြရပါတယ်။ အပြန်အလှန်အနေနဲ့ ရဟန်းသံဃာများကလည်း ဒါယကာနဲ့ ဒါယိကာမများကို တရားဘာဝနာ ဟောပြောဆုံးမ ညွှန်ပြပေးပြီး နိဗ္ဗာန်တည်းဟူသော ပန်းတိုင်သို့ သွားရာလမ်းကို မြတ်ဘုရားကိုယ်စား ပို့ဆောင်ပေးရန် ဝတ္တရားရှိကြပါတယ်။ အဲ့ဒီလို တရားဘာဝနာ ဟောပြောကြတဲ့အခါ သတ္တဝါတို့ရဲ့ ကံ၊ ဉာဏ်၊ ဝီရိယ အနုအရင့်အလိုက် အနည်းဆုံး မြင့်မြတ်ရာဘုံဘဝ ရောက်ရှိစံမြန်း နိုင်ကြစေရန် လမ်းကြောင်းကို ကြပ်မတ်ပဲ့ပြင်ပေးရန်လည်း တာဝန်ရှိကြပါတယ်။ အဲ့ဒီ တာဝန်နဲ့ ဝတ္တရားများကို နောက်ဆံမတင်းဘဲ ထမ်းဆောင်နိုင်ကြစေဖို့ ဒါယကာ၊ ဒါယိကာမတို့ကလည်း အထက်မှာ ဖော်ပြခဲ့သလို ပစ္စည်းလေးပါး မငြိုငြင်စေရန် မပြတ်လှူလ စိုက်ထုတ်ပေးကြလေ့ရှိပါတယ်။ အဲ့ဒီပစ္စည်းလေးပါးဆို တာ အားလုံးသိကြပြီး ဖြစ်တဲ့အတိုင်း ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးတို့ ဖြစ်ပါတယ်။ ရဟန်းသံဃာတစ်ပါးအတွက် ဆွမ်းဆိုတာ ဒါယကာများက နေ့စဉ် အမွန်အမြတ် စားဦးစားဖျား လှူဒါန်းနေတဲ့ အရာတစ်ခုပါ။ ကျောင်းဆိုတာကလည်း ဒါယကာ တစ်ဦးချင်းဖြစ်စေ စုပေါင်း၍ဖြစ်စေ တည်ဆောက်လှူဒါန်းထားလို့ မြန်မာနိုင်ငံမှာ သီတင်းသုံးစရာ ကျောင်းတွေ ပေါမှပေါ။ ဆေးဆိုတာကလည်း အလိုရှိရင် လှူဒါန်းလိုသူ မရှားဘူးလို့ ပြောလို့ရပါတယ်။ အဲ့ဒီပစ္စည်း လေးပါးထဲက သင်္ကန်းဆိုတာလည်း မြန်မာလူမျိုးတွေ ကုသိုလ်ပြုတိုင်း မပါမပြီးလို့ဆိုလျှင် မှားအံ့မထင်ပါ။ ဒါပေမဲ့ သင်္ကန်းဆိုတာ အချိန်မရွေး လှူဒါန်းနိုင်တဲ့ အလှူပစ္စည်းမျိုးဖြစ်ပေမယ့် ရရှိလာတဲ့ အကျိုးအာနိသင်ကတော့ အချိန်အခါအလိုက် ကွာခြားသွားတာကို တွေ့ရပါတယ်။ အထူးသဖြင့် လှူဒါန်းလေ့ရှိတာက ဝါဆိုသင်္ကန်းရယ်၊ ကထိန်သင်္ကန်းရယ် ဖြစ်ပါတယ်။ အဲ့ဒီသင်္ကန်းနှစ်မျိုးထဲက ကထိန်သင်္ကန်းဟာ ဝါဆိုသင်္ကန်းထက် ပိုပြီး ထင်ရှားပါတယ်။ အကျိုးအာနိသင်လည်း ပိုပြီးရှိတယ်လို့ မှတ်ယူထားကြပါတယ်။ အတီး၊ အမှုတ်၊ အက၊ အခုန်၊ ပျော်ပွဲရွှင်ပွဲတွေပါနေလို့ ပိုပြီးတော့ အမှတ်တရ ဖြစ်စေတာလို့ဆိုရင်လည်း မမှားပါဘူး။ အဲ့ဒီ ကထိန်သင်္ကန်း ကပ်လှူပူဇော်ကြတဲ့ ကထိန်ပွဲ ဖြစ်ပေါ်လာရတဲ့ နောက်ခံသမိုင်းကြောင်းလေးကို ဦးစွာ တင်ပြလိုပါတယ်။

ပထမဆုံး ကထိန်ဆိုတာ 'ကထိန' ဆိုတဲ့ ပါဠိကို မြန်မာမှုပြုထားတဲ့ ဝေါဟာရတစ်ခုဖြစ်ပြီး သင်္ကန်းဖြတ်ခြင်း၊ ချုပ်ခြင်း၊ ဆိုးခြင်း၊ လှူခြင်း၊ ခင်းခြင်း အစရှိတဲ့ ကထိန်အမှုနဲ့ ပတ်သက်သမျှ အရာအားလုံးကို ခြုံငုံပြီး ခေါ်ဝေါ်သုံးစွဲသော အမည်ဝေါဟာရ ဖြစ်ပါတယ်။ ကထိန်သင်္ကန်းဟာ မြတ်ဘုရား သက်တော်ထင်ရှားရှိနေစဉ်အချိန်က ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်ကနေ ရဟန္တာဖြစ်လာကြတဲ့ သံဃာ သုံးကျိပ်ကို အကြောင်းပြုကာ ပညတ်ခဲ့ခြင်း၊ တစ်နည်းအားဖြင့် ကထိန်သင်္ကန်း ကပ်လှူခွင့်ပြုခဲ့ခြင်း ဖြစ်ပါတယ်။ နည်းနည်းလေး အကျယ်ချဲ့ရရင် ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်ဆိုတာ ကောသလမင်းကြီးနဲ့ ဖအေတူ၊ မအေကွဲ တော်စပ်ကြသူများ ဖြစ်ကြပြီး ထီးနန်းစည်းစိမ်ကို မမက်မောကြလို့ မိမိတို့ရဲ့ ဇနီးမယားများကို အတူခေါ်လာပြီး 'ကပ္ပာသိပတ္တန'တောထဲမှာ နေထိုင်ကြစဉ် တစ်ယောက်သော မင်းသားကတော့ ဇနီးသားမယားမရှိလို့ အပျော်မိန်းမနဲ့ ပျော်ပါးပါသတဲ့။ မင်းသားများ အမှတ်မဲ့ရှိစဉ် အဲ့ဒီအပျော်မိန်းမက ရွှေငွေပစ္စည်းတွေ ခိုးယူထွက်ပြေးလို့ လိုက်ဖမ်းကြတော့ သစ်ပင်ကြီး တစ်ပင်အောက် သီတင်းသုံးနေတဲ့ မြတ်ဘုရားကိုတွေ့ပြီး ပါရမီရင့်သန်ကြသူများ ဖြစ်ကြတဲ့အလျောက် မိန်းမတစ်ယောက်ရှာခြင်းထက် မိမိကိုယ်ကိုယ်ရှာခြင်းက ပို၍မြတ်ကြောင်း သိကြကာ မြတ်ဘုရားထံ 'ဧဟိဘိက္ခု'ရဟန်းအဖြစ် ခံယူကြပြီး အချို့က သောတာပန်၊ အချို့က သကဒါဂါမ် အသီးသီး ဖြစ်သွားကြပါတယ်။ ရဟန်းဖြစ်ပြီးနောက်ပိုင်း အဲ့ဒီရဟန်း သုံးကျိပ်ဟာ 'ပါဝေယျတိုင်း'မှာ သီတင်းသုံးကြပြီး အာရညကင်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ ပံ့သုကူဓုတင်နဲ့ တိစီဝရိက်ဓုတင်ဆောင်ကြတဲ့ ရဟန်းတော်များ ဖြစ်ကြပါတယ်။ အခါတစ်ပါး အဆိုပါ ရဟန်းသုံးကျိပ်တို့ဟာ သီတင်းဝါလကျွတ်ပြီး မြတ်ဘုရားအား ဖူးမြော်ရန် သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ခရီးထွက်လာကြရာ လမ်းခုလတ် သာကေတမြို့၌ ဝါဆိုကြရပါတယ်။ ဝါကျွတ်အပြီး ခရီးဆက်လက် ထွက်ခွာလာကြရာ မိုးတွင်းကာလမှာ တိစီဝရိတ် ဓုတင်ဆောင်သော ရဟန်းတော်များ ဖြစ်ကြတဲ့အတွက် လွန်စွာပင်ပန်းစွာဖြင့် မြတ်ဘုရားထံမှောက် ရောက်ရှိလာကြပါတယ်။ အကယ်၍သာ တိစီဝရိတ်ဓုတင် မဆောင်ပါက၊ ကထိန်သင်္ကန်းကိုသာ ခွင့်ပြုပြီးဖြစ်ပါက နှစ်ထပ်သင်္ကန်းကြီးကို ယခုကဲ့သို့ ပင်ပန်းကြီးစွာ သယ်စရာလိုမည် မဟုတ်ချေ။ အဲ့ဒီခေတ်က နှစ်ထပ်သင်္ကန်းကြီးဟာ စွန့်ပစ်ထားတဲ့ အဝတ်စများကို ကိုယ်တိုင်ချုပ်ထားရတာဖြစ်လို့ အတော်ကြီးပြီး မိုးစိုတော့ အတော်လေးဟန်တူပါတယ်။ ဒီကြားထဲ မိုးစိုစွတ်နေတဲ့ ကိုယ်ရုံသင်္ကန်းနဲ့ သင်းပိုင်အပြင် သပိတ်၊ ရေစစ်အစရှိတဲ့ အခြားသော သံဃာသုံးပစ္စည်းတွေနဲ့ဆိုတော့ အတော်ခက်ခက်ခဲခဲ သယ်ကြရရှာပါတယ်။ မြတ်ဘုရားကလည်း ရဟန်း သုံးကျိပ်ရဲ့ လမ်းမှာကြုံခဲ့ရပုံ အခြေအနေကို သိရှိပြီး 'အနမတဂ္ဂိယသုတ္တန်'တရားတော်ကို ဟောကြားတဲ့အခါ ရဟန်းသုံးကျိပ်လုံး အာသဝေါ ကုန်ခန်းလို့ ရဟန္တာများဖြစ်သွားကြပါတယ်။ ဒါကြောင့်မို့ ရဟန်း သုံးကျိပ် ပြန်ကြွသွားပြီးနောက် ဘဒ္ဒဝဂ္ဂီ ရဟန်း သုံးကျိပ်ကဲ့သို့ အခြားရဟန်းတော်များလည်း ပင်ပန်းခြင်း မဖြစ်စေရန် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှစပြီး တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လတာ အချိန်အတွင်း ကထိန်ခင်းခြင်းကို မြတ်ဘုရားက စတင်ခွင့်ပြုတော်မူခဲ့ပါတယ်။ နောက်တစ်ချက်က ကထိန်သင်္ကန်း ခွင့်ပြုခဲ့တာနဲ့ပတ်သက်ပြီး ဒီပင်္ကရာဘုရားရှင်မှ စပြီးရေတွက်ရင် ရှစ်ဆူမြောက် 'ပဒုမဘုရား'လက်ထက်ကလည်း ကထိန်သင်္ကန်းကို ခွင့်ပြုခဲ့ဖူးပြီးဖြစ်လို့ ဂေါတမမြတ်စွာဘုရားက ရှေးဘုရားများနည်းတူ ခွင့်ပြုပေးခြင်း ဖြစ်ပါတယ်။ ကထိန်သင်္ကန်းနဲ့ ပတ်သက်ပြီး ကန့်သတ်ချက်များကတော့ (၁) သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လတာ အချိန်အတွင်း၌သာ ကထိန်ခင်းခွင့်ပြုခြင်း၊ (၂) ကထိန်ခင်းခြင်း ဝိနည်းကံကို ကထိန်ခင်းသူနဲ့တကွ သံဃာငါးပါး ရှိရပါမယ်၊ (၃) ဝါတွင်းသုံးလပတ်လုံး ဝါမကျိုးမပျက်ဘဲ ပဝါရဏာပြုသော ရဟန်းရှိသည့် ကျောင်းတိုက်၌သာ ကထိန်ခင်းခွင့်ပြုခြင်းတို့ ဖြစ်ကြပါတယ်။ ကထိန်ခင်းခွင့်ပြုတဲ့ သင်္ကန်းကလည်း (က) သံဃာဋိ- နှစ်ထပ်သင်္ကန်း (ခေါ်)ဒုကုဋ်၊ (ခ) ဥတ္တရာသင်္ဂ-ကိုယ်ဝတ်(ခေါ်)ဧကသီ၊ (ဂ) အန္တရဝါသက-ခါးဝတ်(ခေါ်) သင်းပိုင်တို့ကို မြတ်ဘုရားက ခွင့်ပြုပေးထားပါတယ်။ ထိုနည်းတူ ကထိန်ရသော ရဟန်းတော်များ ခံစားရသည့် အကျိုးအာနိသင် ငါးပါးရှိပါတယ်။ အဲ့ဒါတွေကတော့ ၁။ အနာမန္တစာရ-မအပ်စပ်သော ဆွမ်းဖိတ်ခြင်းကို အနီးရှိ ရဟန်းတို့အား မပန်ကြားဘဲ သွားလာနိုင်ခြင်း၊ ၂။ အသမာဒါနစာရ- တိစီဝရိတ်သင်္ကန်းမပါဘဲ သွားလာနိုင်ခြင်း၊ ၃။ ယာဝဒတ္ထစီဝရ-အခြားရအပ်သော သင်္ကန်းတို့ကို ထားရှိသုံးဆောင်နိုင်ခြင်း၊ ၄။ ဂဏဘောဇန-မအပ်စပ်သော ဆွမ်းပင့်ခြင်းကို စုပေါင်းခံယူနိုင်ခြင်း၊ ၅။ ယောစတတ္ထစီဝရုပ္ပါဒ-ကျောင်းတိုက်၌ ရရှိလာသမျှသော သင်္ကန်းတို့ကို ကထိန်ခင်းသော ရဟန်းတို့သာ သုံးစွဲခွင့်ရရှိခြင်း တို့ဖြစ်ပါတယ်။ အဲဒါကြောင့် ကထိန်သင်္ကန်းဟာ လှူဒါန်းသူရော ခံယူရရှိသူပါ အကျိုးများတဲ့အတွက် အခြားသင်္ကန်းများထက် ပိုပြီးထင်ရှားခြင်းလည်း ဖြစ်ပါတယ်။ ကထိန်နဲ့ပတ်သက်ပြီး အခြားသော ကန့်သတ်ချက်တွေဖြစ်တဲ့ ကထိန်မမြောက်ခြင်းတို့ ကထိန်ပျက်ပြယ်ခြင်းတို့ ကထိန်ပြုပုံနဲ့ပတ်သက်ပြီး ခံ-ရွေး-ပေးနှင်း-စွန့်-ထိုးခြင်း-တင်-ခင်း-အနုမောဒနာတို့ ဆိုတာတွေလည်း ရှိပါသေးတယ်။ ကထိန်သင်္ကန်း လှူဒါန်းသူများမှာလည်း အကျိုးခြောက်ပါးနဲ့ ပြည့်ဝစေတယ်လို့လည်း ဆိုပါတယ်။ တိုက်ဆိုင်တာက ကထိန်ပွဲကျင်းပတဲ့ တန်ဆောင်မုန်းလဟာ မိုးလေကင်းလွတ်လို့ ကောင်းကင်တစ်ခွင်ဟာ ကြည်လင်သန့်ရှင်းနေပြီး ကြတ္တိကာနက္ခတ် (ဖျောက်ဆိတ်ကြယ်) အပါအဝင် ကြယ်ပေါင်းစုံတဲ့လလည်း ဖြစ်ပါတယ်။

နံရံဆေးရေး အထောက်အထားများအရ မြန်မာနိုင်ငံမှာ ထေရဝါဒ ဗုဒ္ဓဘာသာ ကျယ်ပြန့်စွာ ထွန်းကားခဲ့တဲ့ ပုဂံခေတ်ကစပြီး နောက်ပိုင်းခေတ်အဆက်ဆက် ရတနာပုံခေတ်အထိ ကထိန်ပွဲဆိုတာ ကျင်းပလျက် ရှိနေပါပြီလို့ အခိုင်အမာ ပြောနိုင်ပါတယ်။ အနီးဆုံး အထောက်အထားကို ညွှန်ပြရရင် တောင်သမန်အင်း အရှေ့ဘက်ကမ်းမှာ အမရပူရခေတ်က ပုဂံမင်း တည်ထားကိုးကွယ်ခဲ့တဲ့ မဟာဝိဇယရံသီ ကျောက်တော်ကြီးဘုရား အရှေ့ဘက်လိုဏ်မုခ်အတွင်း မြောက်ဘက်ခြမ်းမှာ ကထိန်ခင်းရာ ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း လူကြီးလူငယ် ပျိုအိုအစုံ တံခွန်ကုက္ကား မုလေးပွားတွေကိုင်ပြီး အတီးအမှုတ် အကအခုန်တွေနဲ့ ပဒေသာပင်ကို စုပေါင်းသယ်ဆောင်ပြီး ဝင်လာကြပုံကို ကြည့်ရှုလေ့လာနိုင်ပါတယ်။ ပဒေသာပင်ကို ယနေ့ခေတ်လို သစ်ဝါးနဲ့ ပြုလုပ်ထားပြီး အပေါ်မှာတော့ လှူဖွယ်ပစ္စည်းလေးတွေ အစုံအလင်ကို သီးထားတာ အသေးစိတ်ရေးဆွဲပြထားပါတယ်။ နောက်ထပ် အထောက်အထားတစ်ခုကတော့ ပလိပ်မြို့ နဂါးရုံဘုရား အနောက်ဘက် အင်ဝမုခ်နံရံမှာ နှစ်ကျိပ်ရှစ်ဆူသော ဘုရားဆင်းတုတော်များနဲ့အတူ လှူဒါန်းထားတဲ့ ပဒေသာပင်ကိုလည်း သွားရောက်လေ့လာနိုင်ပါတယ်။ နံရံဆေးရေး အထောက်အထားသာမက ငွေနဲ့ပြုလုပ်ထားတဲ့ အထောက်အထားတစ်ခုကိုလည်း ၂၈-၃ ၂၀၂၅ နေ့ လှုပ်ခတ်ခဲ့တဲ့ အင်အားပြင်းငလျင်ကြီးဒဏ်ကြောင့် ပြိုပျက်ခဲ့ရတဲ့ စူဠပါဒစေတီမှ ထွက်ပေါ်လာတဲ့ ဌာပနာတွေထဲမှာ ထူးထူးခြားခြား ကထိန်ပဒေသာပင်လေးတစ်ခုကို တွေ့လိုက်ရပါတယ်။ ငလျင်ကြီးအပြီး ထွက်ပေါ်လာတဲ့ ထူးခြားတဲ့ ဌာပနာအမွေအနှစ်များ အကြောင်း သုတေသနပြုရာမှာ ပဒေသာပင်ကို ငွေခေါင်းပွနဲ့ ပြုလုပ်ထားတဲ့ လက်ရာကို ပထမဆုံး တွေ့ရခြင်းလည်း ဖြစ်ပါတယ်။ ဖန်တီးသူဟာ ဝတ္တရားကျေ သဘောမျိုး ပြုလုပ်ထားတာ မဟုတ်ဘဲ စေတနာအပြည့်နဲ့ လုပ်ထားမှန်း သိပ်ထင်ရှားပါတယ်။ ပဒေသာပင်ဆိုတဲ့အတိုင်း သစ်ပင်သစ်ခက် သဏ္ဌာန်ကို ဦးစွာဖန်တီးပြီး သစ်ကိုင်းဖျားလေးတွေမှာ သပိတ်၊ သင်္ကန်း၊ ဖိနပ်၊ ဓမ္မကရိဏ် ရေစစ်၊ ပိဋကတ်သုံးပုံကိုယ်စားပြု စာအုပ်တို့အပြင် ရတနာကျောက်ငယ်လေးတွေ အပေါက်ဖောက်ပြီး သစ်ကိုင်းဖျားမှာ သီးထားတာ ချစ်စရာသိပ်ကောင်းသလိုသိပ်ပြီးတော့ လက်ရာမြောက်တာပဲ။ အဲ့ဒီစေတီတော်က အခြားဌာပနာ ဆင်းတုတော်များနဲ့ ဗုဒ္ဓဝင်ဆိုင်ရာ ရုပ်လုံးရုပ်ကြွများကို မြန်မာ့ရိုးရာဆင်းတုတော် ပဋိမာသိပ္ပံနည်းနဲ့ စစ်ဆေးကြည့်တော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀ ဝန်းကျင် အမရပူရခေတ်ဆိုတာ သိလိုက်ရတော့ အခုတွေ့ရတဲ့ ငွေပဒေသာပင်လေးဟာလည်း ခေတ်ပြိုင် အမရပူရခေတ်လက်ရာဖြစ်တယ်လို့ သုံးသပ်ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ဘိုးဘေးများဖြစ်တဲ့ အမရပူရခေတ်က ဖန်တီးရှင်များဟာ ဘာသာတရားကို ယုံကြည်ယုံမည်ကာမတ္တမဟုတ်ဘဲ သဒ္ဓါမှာ ပညာလောင်းလို့ အထောက်အထားကောင်းအဖြစ် ဖန်တီးထားခဲ့တာကို တန်ဆောင်မုန်းလ ကထိန်ပွဲနဲ့ တိုက်ဆိုင်စွာ တင်ပြလိုက်ရပါကြောင်း။

**ကျမ်းညွှန်း-**

- **မြန်မာ့ ၁၂ လရာသီပွဲတော်များ**
- **လက်တွေ့ကွင်းဆင်းလေ့လာချက်**

# မဲဆန္ဒရှင်များက ဘောလ်ပင်ဖြင့် အမှန် (✓) အမှတ်အသားရေးခြစ်၍ ဆန္ဒပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများ ထုတ်ပြန်ကြေညာခြင်း

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ နှင့် ပုဒ်မ ၄၇ အရ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် မဲဆန္ဒရှင်များနှင့် သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတွင် ကြိုတင်ဆန္ဒမဲပေးမည့် မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်ဆန္ဒမဲပေးရာတွင် ကြိုတင်ဆန္ဒမဲလက်မှတ်ပေါ်တွင် မိမိဆန္ဒပြုလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတ တည့်တည့်တွင်ရှိသော လေးထောင့်အကွက်အတွင်း၌ ဘောလ်ပင်ဖြင့် အမှန် (✓) အမှတ်အသားရေးခြစ်၍ ဆန္ဒပြုရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဘောလ်ပင်ဖြင့် အမှန်(✓)အမှတ်အသားရေးခြစ်၍ ဆန္ဒပြုရမည့် ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများကို ထုတ်ပြန်အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများ

























မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲအဖြစ်ဆုံးဖြတ်ရန်ဖြစ်သည်။

စာမျက်နှာ ၁၅ သို့ ☆

☆ စာမျက်နှာ ၁၅ မှ

# ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ပယ်မဲနမူနာပုံစံများ



ပယ်မဲနမူနာပုံစံ - ၄
အမှတ်အသားပြုထားသော မဲလက်မှတ်



ပယ်မဲနမူနာပုံစံ - ၅
ကြက်ခြေခတ်၍ ဆန္ဒပြုထားသော မဲလက်မှတ်



ပယ်မဲနမူနာပုံစံ - ၆
မည်သူ့အားဆန္ဒပြုထားကြောင်း ဆုံးဖြတ်ရခက်သည့် မဲလက်မှတ်



ပယ်မဲနမူနာပုံစံ - ၇
မည်သူ့အားဆန္ဒပြုထားကြောင်း ဆုံးဖြတ်ရခက်သည့် မဲလက်မှတ်



ပယ်မဲနမူနာပုံစံ - ၈
မည်သူ့အားဆန္ဒပြုထားကြောင်း ဆုံးဖြတ်ရခက်သည့် မဲလက်မှတ်



ပယ်မဲနမူနာပုံစံ - ၉
ကိုယ်စားလှယ်လောင်းတစ်ဦးထက် ပို၍ ဆန္ဒပြုထားသော မဲလက်မှတ်


ပယ်မဲနမူနာပုံစံ - ၁၀
မဲလက်မှတ်များ၏ နောက်ကျောဘက်တွင် တာဝန်ခံ၏ အမည်၊ လက်မှတ်နှင့် ကော်မရှင်(သို့မဟုတ်)ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်မပါသော မဲလက်မှတ်
(မဲလက်မှတ်၏ ကျောဘက်တွင် လက်မှတ်ရေးထိုး၍ တံဆိပ်တုံးထုရခြင်း ဖြစ်သည်)

**မှတ်ချက်။** ။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲအဖြစ်ဆုံးဖြတ်ရန်ဖြစ်သည်။

## Royal Ruby Flower (တန် ၁၅၀ ကျ)ဆန်စက်တည်ဆောက်ပြီးစီး၍ စမ်းသပ်လည်ပတ်

**မန္တလေး နိုဝင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် Agri Sun ကုမ္ပဏီတို့ အကျိုးတူ ပူးပေါင်း၍ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ထိန်ကုန်းရပ်ကွက်ရှိ မြေဧရိယာ ၁ ဒသမ ၅၀၈၈ ဧကပေါ်တွင် Royal Ruby Flower (တန် ၁၅၀ ကျ) ဆန် စက် တည်ဆောက်ပြီးစီးခဲ့သဖြင့် နိုဝင်ဘာ ၂ ရက် ညနေပိုင်းက သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရသည် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ၊ Agri Sun ကုမ္ပဏီမှ ဒါရိုက်တာ အဖွဲ့များလိုက်ပါပြီး စက်ရုံစမ်းသပ်လည်ပတ်နေမှုများကို သွားရောက်ကြည့်ရှုခဲ့သည်။

အဆိုပါ ဆန်စက်သည် တစ်နေ့လျှင် တန် ၁၅၀ ကျ ဖြစ်ပြီး စပါးခွံခွာခြင်း၊ ဆန်ကြိတ်ခွဲခြင်း၊ ဆန်ဖြူပြုလုပ်ခြင်း၊ ဆန်အရွယ်အစား ခွဲခြားခြင်း၊ အရောင်ခွဲခြင်း၊ အိတ်သွင်းခြင်းစသည့် ထုတ်လုပ်မှုအဆင့်(၇)ဆင့်ရှိပြီး ဈေးကွက် အဆင့်မြင့်ဆန်များ ရရှိစေရန် ကြိတ်ခွဲပေးနိုင်သည်။

ဆက်လက်၍ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ပန်းရိုးမသောက်ရေသန့်စက်ရုံသို့ သွားရောက်၍ တစ်ရက်လျှင် လီတာ ၂၀ ဘူး(၈၀၀မှ ၁၀၀၀)၊ တစ်လီတာ ဘူး(၃၀၀၀ မှ ၅၀၀၀) ထုတ်လုပ်ရောင်းချမှု၊ တစ်လီတာပလတ်စတစ်ဘူးခွံများ ထုတ်လုပ်မှုများကို လည်းကောင်း ကြည့်ရှုခဲ့ကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစု ချုပ်နှင့်စမ်းဝတီသမဝါယမအသင်းတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် မန္တလေးနို့ချက်စက် ရုံသို့ရောက်ရှိပြီး နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်မှု၊သဘာဝ မြေသြဇာများ ထုတ်လုပ် ရောင်းချမှုများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ (၀၄၅)

## မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစု (အဌမ)အကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲ ကျင်းပ

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစု (အဌမ) အကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲကို နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီက အဆိုပါ ဦးစီးဌာနရုံး စကားဝါမြေခန်းမတွင် ကျင်းပခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများသည်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်၏ ဦးဆောင်မှုဖြင့် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားကျေးရွာအုပ်စု၊ ညောင်ပင်ဆိပ်ကျေးရွာ သဘာဝတရားရိပ်သာ ဘုန်းတော်ကြီးကျောင်းတွင် ပုရိမဝါမှ ထမြောက်တော်မူကြကုန်သော သံဃာတော်အရှင်သူမြတ်တို့အား မြို့နယ်ဦးစီးဌာနရုံး စကားမြေခန်းမသို့ ပင့်ဖိတ်၍ မဟာကထိန်လျာသင်္ကန်းနှင့် ဆွမ်း၊ ဒါတဗ္ဗဝတ္ထု အစုစုတို့ကို လှူဒါန်းဆက်ကပ်ပြီး၊ သဘာဝတရားရိပ်သာ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍဝံသ ဟောကြားချီးမြှင့်တော်မူသည့် ကထိန်အနုမောဒနာတရားကို နာယူကြကာ၊ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။ (၄၅၆)



# နိုင်ငံတကာ အားကစား သတင်းများ

## အယ်လ်အစ်တီဟတ်အသင်းမှ ကန်တီ ထွက်ခွာမည်


**လန်ဒန် နိုဝင်ဘာ ၃**

ဝါရင့် ကွင်းလယ်ကစားသမား ကန်တီသည် အယ်လ်အစ်တီဟတ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ခြင်းကြောင့် အသင်းမှ ထွက်ခွာတော့မည်ဖြစ်သည်။

အသက်(၃၄)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ပြင်သစ်လီဂူးကလပ် ပါရီအသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား ကန်တီသည် အသက်အရွယ်ပိုင်းအားဖြင့် ရရှိပြီဖြစ်သော်လည်း ခြေစွမ်းပိုင်းကျဆင်းခြင်းမရှိသေးဘဲ အယ်လ်အစ်တီဟတ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၁ပွဲကစားပြီး ကိုးဂိုးထိ သွင်းယူထားသည်။

ထို့ကြောင့် ကွင်းလယ်ကစားသမား ကန်တီအနေဖြင့် အယ်လ်အစ်တီဟတ်အသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့သွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ) (NGB)**






## ဘုန်းမောက်အသင်းနှင့်ပွဲစဉ်တွင် အသင်းသားများ၏ ခြေစွမ်းကို နည်းပြဂွါဒီယိုလာ ချီးကျူး

**လန်ဒန် နိုဝင်ဘာ ၃**

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်စီးတီးအသင်းက ဘုန်းမောက်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်အပြီးတွင် နည်းပြ ဂွါဒီယိုလာက ယခုလို နိုင်ပွဲရရှိခဲ့သည့်အတွက် အလွန်ကျေနပ်မိကြောင်း၊ အသင်းသားများ၏ ခြေစွမ်းသည်လည်း ကောင်းမွန်ခဲ့ကြောင်း ချီးကျူးပြောကြားခဲ့သည်။

မန်စီးတီးအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၁၇မိနစ်နှင့် ၃၃မိနစ်တွင် ဟာလန်း၊ ပွဲချိန် ၆၀မိနစ်တွင် ရိုင်လေတို့က အသီးသီး သွင်းယူပေးခဲ့သည်။

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက "ဘုန်းမောက်အသင်းကို အနိုင်ရရှိခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီပွဲမှာ အသင်းသားတွေရဲ့ ခြေစွမ်းကလည်း အလွန်ကောင်းမွန်ခဲ့ပါတယ်။ နောက်ထပ်လာမည့် ပွဲစဉ်တိုင်းမှာလည်း နိုင်ပွဲတွေ ဆက်လက်ရရှိဖို့ ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အပေါ်ပုံ)**

**(NGB)**

## နည်းပြ ဗစ်တာပါရဲရားကို နည်းပြရာထူးမှ ဝုဖ်အသင်းထုတ်ပယ်

**လန်ဒန် နိုဝင်ဘာ ၃**



ဝုဖ်အသင်းသည် လက်ရှိအချိန် ရလဒ်ဆိုးများကြောင့် နည်းပြ ဗစ်တာပါရဲရားကို နည်းပြရာထူးမှ ထုတ်ပယ်လိုက်ပြီဖြစ်သည်။

ဝုဖ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၁၀ပွဲကစားအပြီးတွင် ရမှတ် ၂မှတ်ဖြင့် အမှတ်ပေးဇယားအဆင့် ၂၀နေရာတွင် ရပ်တည်ပြီး ရလဒ်များ အလွန်ဆိုးရွားခြင်းကြောင့် နည်းပြ ဗစ်တာပါရဲရားကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဗစ်တာပါရဲရားသည် ဝုဖ်အသင်းအား ၂၀၂၄ခုနှစ် ဒီဇင်ဘာ ၁၉ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၃၈ပွဲတွင် ၁၄ပွဲနိုင်၊ ၆ပွဲသရေ၊ ၁၈ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

ဝုဖ်အသင်းထုတ်ပြန်ချက်တွင် "နည်းပြ ဗစ်တာပါရဲရားအား နည်းပြရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့ နည်းပြသစ်တစ်ဦးအမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။ **(အပေါ်ပုံ) (NGB)**

## 2025 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား Jannik Sinner ဆွတ်ခူး

**ပဲရစ် နိုဝင်ဘာ ၃**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အီတလီတင်းနစ် ကစားသမား Jannik Sinner က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။



အဆိုပါ အီတလီတင်းနစ် ကစားသမား Jannik Sinner သည် 2025 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ကနေဒါ တင်းနစ်ကစားသမား Felix Auger-Aliassime ကို ၆-၄၊ ၇-၆ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ Jannik Sinner က "ကျွန်တော် အခုလို 2025 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို အောင်မြင်မှုတွေ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(အပေါ်ပုံ) (NGB)**

## ဆဗင်ဘိုမန်းကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် နယူးကာဆယ်အသင်းစီစဉ်

**လန်ဒန် နိုဝင်ဘာ ၃**

နယူးကာဆယ်အသင်းသည် အသင်း နောက်ခံကစားသမား ဆဗင်ဘိုမန်းကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် နယူးကာဆယ်အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

နောက်ခံကစားသမား ဆဗင်ဘိုမန်းသည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၇ပွဲကစားပြီး ၂ဂိုးသွင်းယူထားသည်။

နယူးကာဆယ်အသင်းထုတ်ပြန်ချက်တွင် "ဆဗင်ဘိုမန်းအား သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လျက်ရှိပါပြီ။ သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။

**(NGB)**

၀-၀-၀-၀-၀-၀

## စတယ်လာကို ခေါ်ယူရန် မန်ယူအသင်း အလျင်အမြန်စီစဉ်

**လန်ဒန် နိုဝင်ဘာ ၃**

မန်ယူအသင်းသည် စတုဂတ်အသင်း ကွင်းလယ်ကစားသမား စတယ်လာကို ခေါ်ယူရန် အလျင်အမြန်စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် စတုဂတ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၄ပွဲကစားပြီး ၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်းက ခေါ်ယူရန် အလျင်အမြန်စီစဉ်လာခြင်းဖြစ်သည်။

စတုဂတ်အသင်းကလည်း စတယ်လာအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် မန်ယူအသင်းအနေဖြင့် စတုဂတ်အသင်းထံမှ စတယ်လာအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ယာပုံ)**

**(NGB)**




### ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ(အမှတ်ပေးလိဂ်အဆင့်)(ပွဲစဉ်-၄)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၅-၁၁-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက်၀၀း၁၅နာရီ | (၂၃)နာပိုလီ - ဖရန့်ဖတ်(၂၂)<br>(အီတလီ-၁) (ဂျာမနီ-၈) | နာပိုလီ ၃-၀ ဖရန့်ဖတ်<br>ဖရန့်ဖတ် ၀-၂ နာပိုလီ |
| " | " | (၂၈)ဆလာဗီးယားပရပ် - အာဆင်နယ်(၄)<br>(ချက်-၁) (အင်္ဂလန်-၁) | ဆလာဗီးယားပရပ် ၀-၄ အာဆင်နယ်<br>အာဆင်နယ် ၁-၁ ဆလာဗီးယားပရပ် |
| " | နံနက်၀၂း၃၀နာရီ | (၁၉) အက်သလက်တီကို - ဂျူးဗင်တပ်(၂၄)<br>(စပိန်-၄) (ဘယ်လ်ဂျီယံ-၁) | —— |
| " | " | (၂၆)ဘိုဒို - မိုနာကို(၂၇)<br>(နော်ဝေ-၂) (ပြင်သစ်-၅) | —— |
| " | " | (၂၅)ဂျူဗင်တပ် - စပို့တင်းလစ္စဘွန်း(၁၂)<br>(အီတလီ-၆) (ပေါ်တူဂီ-၂) | ဂျူဗင်တပ် ၁-၀ စပို့တင်းလစ္စဘွန်း<br>စပို့တင်းလစ္စဘွန်း ၁-၁ ဂျူဗင်တပ် |
| " | " | (၁၀)လီဗာပူး - ရီးရဲလ်မက်ဒရစ်(၅)<br>(အင်္ဂလန်-၃) (စပိန်-၁) | လီဗာပူး ၂-၀ ရီးရဲလ်မက်ဒရစ်<br>ရီးရဲလ်မက်ဒရစ် ၁-၀ လီဗာပူး |
| " | " | (၃၃)အိုလံပီယာကို့စ် - PSV(၁၆)<br>(ဂရိ-၂) (နယ်သာလန်-၂) | အိုလံပီယာကို့စ် ၄-၂ PSV<br>PSV ၂-၁ အိုလံပီယာကို့စ် |
| " | " | (၁)PSG - ဘိုင်ယန်မြူးနစ်(၂)<br>(ပြင်သစ်-၁) (ဂျာမနီ-၁) | PSG ၂-၀ ဘိုင်ယန်မြူးနစ်<br>(၅-၇-၂၀၂၅ ဗိုဟာကလပ်ကမ္ဘာ့ဖလားပွဲ) |
| " | " | (၁၅)စပါး - ကိုပင်ဟေဂင်(၃၂)<br>(အင်္ဂလန်-၅) (ဒိန်းမတ်-၄) | —— |

မှတ်ချက်။ ( )အတွင်းမှ ရလဒ်များသည် ပြိုင်ပွဲဝင် (၃၆)သင်း၏ ချန်ပီယံလိဂ် အမှတ်ပေးလိဂ်အဆင့်များဖြစ်သည်။

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၄)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၅-၁၁-၂၀၂၅ | (၁၁)ဘာမင်ဂမ် - မီဒေါလ်(၄) | ဘာမင်ဂမ် ၁-၁ မီဒေါလ် | ဘာမင်(အိမ်) | ၆ | ၃ | ၂ | ၁ | ၁၁ | ၆ |
| နံနက်၀၀း၁၅နာရီ | (D,L,W,L,W) (W,W,W,W,D) | မီဒေါလ် ၁-၀ ဘာမင်ဂမ် | မီဒေါလ်(ဧည့်) | ၆ | ၃ | ၃ | - | ၉ | ၆ |
| " | (၅)ဘရစ္စတိုး - ဘလက်ဘန်း(၁၉) | ဘရစ္စတိုး ၂-၁ ဘလက်ဘန်း | ဘရစ္စတိုး(အိမ်) | ၇ | ၃ | ၂ | ၂ | ၁၁ | ၉ |
| | (L,W,W,W,L) (D,L,L,W,W) | ဘလက်ဘန်း ၃-၀ ဘရစ္စတိုး | ဘလက်(ဧည့်) | ၆ | ၃ | - | ၃ | ၆ | ၆ |
| " | (၈)ချာလ်တန် - ဝက်စ်ဘရွန်း(၁၂) | ချာလ်တန် ၂-၂ ဝက်စ်ဘရွန်း | ချာလ်တန်(အိမ်) | ၆ | ၃ | ၂ | ၁ | ၈ | ၄ |
| | (L,W,W,D,D) (L,W,L,L,D) | ဝက်စ်ဘရွန်း ၂-၂ ချာလ်တန် | ဝက်စ်ဘရွန်း(ဧည့်) | ၇ | ၃ | - | ၄ | ၇ | ၁၀ |
| " | (၁၇)ဒါဘီ - ဟားလ်စီးတီး(၇) | ဒါဘီ ၁-၁ ဟားလ်စီးတီး | ဒါဘီ(အိမ်) | ၇ | ၂ | ၃ | ၂ | ၈ | ၉ |
| | (D,L,W,W,L) (W,W,W,D,W) | ဟားလ်စီးတီး ၀-၁ ဒါဘီ | ဟားလ်(ဧည့်) | ၆ | ၂ | ၂ | ၂ | ၁၀ | ၁၀ |
| " | (၉)အစ်ဆွစ်ချ် - ဝက်စ်ဗိုဒ်(၁၀) | အစ်ဆွစ်ချ် ၀-၀ ဝက်စ်ဗိုဒ် | အစ်ဆွစ်ချ်(အိမ်) | ၇ | ၄ | ၂ | ၁ | ၁၄ | ၈ |
| | (W,L,L,W,W) (W,L,W,L,W) | ဝက်စ်ဗိုဒ် ၁-၂ အစ်ဆွစ်ချ် | ဝက်စ်ဗိုဒ်(ဧည့်) | ၆ | - | ၂ | ၄ | ၄ | ၉ |
| " | (၁၄)လက်စတာ - မစ်ဒယ်ဘရော့(၂) | လက်စတာ ၁-၂ မစ်ဒယ်ဘရော့ | လက်စတာ(အိမ်) | ၆ | ၂ | ၃ | ၁ | ၆ | ၅ |
| | (W,D,L,L,L) (L,W,W,D,L) | မစ်ဒယ်ဘရော့ ၁-၀ လက်စတာ | မစ်ဒယ်(ဧည့်) | ၇ | ၃ | ၂ | ၂ | ၉ | ၈ |
| " | (၁၈)အောက်စ်ဖို့ဒ် - စတုတ်(၃) | အောက်စ်ဖို့ဒ် ၁-၀ စတုတ် | အောက်စ်ဖို့ဒ်(အိမ်) | ၆ | ၁ | ၃ | ၂ | ၇ | ၈ |
| | (L,W,L,W,D) (D,W,L,W,W) | စတုတ် ၀-၀ အောက်စ်ဖို့ဒ် | စတုတ်(ဧည့်) | ၇ | ၃ | ၂ | ၂ | ၇ | ၅ |
| ၅-၁၁-၂၀၂၅ | (၁)ကိုဗင်ထရီ - ရှက်ဖီးလ်Utd(၂၂) | ကိုဗင်ထရီ ၂-၂ ရှက်ဖီးလ်Utd | ကိုဗင်(အိမ်) | ၆ | ၄ | ၂ | - | ၁၆ | ၃ |
| နံနက်၀၁း၃၀နာရီ | (W,W,W,W,L) (L,W,W,L,L) | ရှက်ဖီးလ် Utd ၃-၁ ကိုဗင်ထရီ | ရှက်ဖီးလ်Utd(ဧည့်) | ၇ | ၂ | - | ၅ | ၆ | ၁၂ |

## ဟားမတ်စ်အဖွဲ့ လက်နက်စွန့်လွှတ်ရေးနှင့် ဂါဇာဒေသအား စစ်မက်ကင်းစေရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း နေတန်ယာဟု ပြောကြား



ဂျေရုဆလင် နိုဝင်ဘာ ၃

ဟားမတ်စ်အဖွဲ့ လက်နက်စွန့်လွှတ်ရေးနှင့် ဂါဇာဒေသအား စစ်မက်ကင်းစေရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက နိုဝင်ဘာ ၂ ရက်တွင် ပြောသည်။

အစ္စရေးအစိုးရအနေဖြင့် ကျန်ရှိနေသည့် စစ်သွေးကြွများကို တိုက်ခိုက်မည်ဟု ၎င်းက ပြောသည်။

လက်ရှိအချိန်တွင် ဂါဇာဒေသအတွင်း ဟားမတ်စ်စစ်သွေးကြွများ လှုပ်ရှားဆောင်ရွက်နေသဖြင့် ၎င်းတို့ကို တိုက်ခိုက်နှိမ်နင်းရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် နေတန်ယာဟုက ပြောသည်။ ဟားမတ်စ်အဖွဲ့ လက်နက်စွန့်လွှတ်ရေး၊ ဂါဇာဒေသအား စစ်မက်ကင်းစင်ရေး ဆောင်ရွက်မည်ဖြစ်ကာ ၎င်းအချက်များသည် အမေရိကန်သမ္မတ ထရမ့်နှင့် မိမိကြား သဘောတူထားသည့်အချက်ဖြစ်ကြောင်း နေတန်ယာဟုက ပြောသည်။

ဂါဇာတွင်ရှိနေသော အစ္စရေးတပ်ဖွဲ့များကို ကာကွယ်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အစ္စရေးသည် မဟာမိတ်ဖြစ်သည့် အမေရိကန်အား စစ်ဆင်ရေးများ ဆောင်ရွက်မည့်အကြောင်း အကြောင်းကြားမည်ဖြစ်သော်လည်း အမေရိကန်၏ ခွင့်ပြုချက်ကိုတောင်းခံမည်မဟုတ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

လက်ဘနွန်နိုင်ငံရှိ ဟဇ်ဘိုလာအဖွဲ့ လက်နက် စွန့်လွှတ်ရေးအတွက် လက်ဘနွန်အစိုးရက ဆောင်ရွက်ပေးရန် နေတန်ယာဟုက ပန်ကြားခဲ့ပြီး လိုက်နာဆောင်ရွက်ခြင်း မရှိပါက လိုအပ်သလို အရေးယူဆောင်ရွက်မည်ဟု ပြောသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

## ပါကစ္စတန်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုး ၅ ဒသမ ၇ ရာခိုင်နှုန်းအထိ မြှင့်တင်ရေး ဆောင်ရွက်မည်

အစ္စလာမာဘတ် နိုဝင်ဘာ ၃

ပါကစ္စတန်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုးကို လာမည့် သုံးနှစ်အတွင်း ၅ ဒသမ ၇ ရာခိုင်နှုန်းအထိ မြှင့်တင်ရေးဆောင်ရွက်ရန် ပါကစ္စတန်အစိုးရက ရည်မှန်းချက်ထားဆောင်ရွက်နေကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂ ရက်တွင် ပြောသည်။

### မြှင့်တင်ဆောင်ရွက်မည်

မက်ခရိုစီးပွားရေးလုပ်ငန်းမူဘောင်အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းလုပ်ငန်းမူဘောင်အရ အစိုးရသည် စီးပွားရေးဖွံ့ဖြိုးမှုကို ပို့ကုန်မြှင့်တင်ရေးနှင့် ငွေလွှဲလုပ်ငန်းများမြှင့်တင်ရေးတို့ဖြင့် ဆောင်ရွက်မည်ဖြစ်သည်။ သုံးနှစ်သက်တမ်းရှိသည့် စီးပွားရေးမြှင့်တင်ရေးအစီအမံအရ နိုင်ငံ၏ စီးပွားရေးလုပ်ငန်းဝင်ငွေကို ရူပီး ၁၆၂၅၁၃ ဘီလီယံရရှိရေး ဆောင်ရွက်မည်ဖြစ်ကာ ၎င်းဝင်ငွေရရှိရေးအတွက် ပြည်ပပို့ကုန်၊ ငွေလွှဲလုပ်ငန်းနှင့် အခွန်ငွေကောက်ခံခြင်းကို မြှင့်တင်ဆောင်ရွက်မည်ဖြစ်သည်။

လာမည့်သုံးနှစ်အတွင်း နိုင်ငံ၏ ပို့ကုန်တန်ဖိုးသည် ကန်ဒေါ်လာ ၅၅ ဘီလီယံရှိမည်ဟု တာဝန်ရှိသူများက ပြောသည်။ အထက်ပါကာလအတွင်း ပြည်ပမှ နိုင်ငံသားများ၏ ငွေလွှဲသည့် ငွေတန်ဖိုးသည် ကန်ဒေါ်လာ ၄၄ ဒသမ ၈၂ ဘီလီယံရှိလာမည်ဟု ခန့်မှန်းထားသည်။

အစိုးရက ဆောင်ရွက်မည့် မက်ခရိုစီးပွားရေးလုပ်ငန်းမူဘောင်အရ ကုန်ထုတ်လုပ်ငန်းနှင့် ငွေကြေးစီမံခန့်ခွဲမှုများ အောင်မြင်လာမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

## အင်ဒိုနီးရှား၏ စက်တင်ဘာလ ကုန်သွယ်မှု ပိုငွေပမာဏ စီးပွားရေးပညာရှင်များ၏ ခန့်မှန်းချက်အောက် လျော့နည်း



ဂျကာတာ နိုဝင်ဘာ ၃

အင်ဒိုနီးရှားနိုင်ငံသည် စက်တင်ဘာလတွင် ကုန်သွယ်မှု ပိုငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၄ ဘီလီယံ ရရှိခဲ့သော်လည်း ရိုက်တာသတင်း စစ်တမ်းကောက်ယူမှုတွင် စီးပွားရေး ပညာရှင်များ ခန့်မှန်းထားသော ၄ ဒသမ ၇၉ ဘီလီယံအောက် လျော့နည်းခဲ့သော်လည်း ပို့ကုန်နှင့် သွင်းကုန်နှစ်ခုလုံးသည် ဈေးကွက်ခန့်မှန်းချက်ထက် ကျော်လွန်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

သွင်းကုန်များသည် စက်တင်ဘာလတွင် တစ်နှစ်တာကာလအတွင်း ၇ ဒသမ ၁၇ ရာခိုင်နှုန်း မြင့်တက်လာပြီး အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၃၄ ဘီလီယံအထိ ရောက်ရှိခဲ့ရာ စီးပွားရေးပညာရှင်များ ခန့်မှန်းထားသော တစ်ရာခိုင်နှုန်း မြင့်တက်မှုကို ကျော်လွန်ခဲ့သည်။

ပို့ကုန်များမှာလည်း စက်တင်ဘာလတွင် ၁၁ ဒသမ ၄၁ ရာခိုင်နှုန်း မြင့်တက်လာပြီး အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၆၈ ဘီလီယံအထိ ရောက်ရှိခဲ့ရာ ခန့်မှန်းထားသော ၇ ဒသမ ၇၂ ရာခိုင်နှုန်း တိုးတက်မှုထက် ပိုမိုအားကောင်းခဲ့သည်။

အင်ဒိုနီးရှား စာရင်းအင်းဗဟိုဌာနသည် အောက်တိုဘာလ ငွေကြေးဖောင်းပွမှုနှုန်းနှင့် အခြားသော စီးပွားရေးဆိုင်ရာ အညွှန်းကိန်းများကို နိုဝင်ဘာ ၃ ရက်နောက်ပိုင်းတွင် ထုတ်ပြန်ရန် စီစဉ်ထားကြောင်း သိရသည်။

Mon

## မြောက်ပိုင်း အာဖဂန်နစ္စတန်တွင် မြေငလျင်လှုပ်ရှား လူ ၂၀ ဦးထက်မနည်း သေဆုံး၊ ၃၂၀ ဦးခန့် ဒဏ်ရာရရှိ



ကဘူးလ် နိုဝင်ဘာ ၃

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်းတွင် အင်အားပြင်း မြေငလျင်တစ်ခု လှုပ်ရှားရာ လူ ၂၀ ဦးထက်မနည်း သေဆုံးပြီး ၃၂၀ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ပြင်းအား ၆ ဒသမ ၃ ရစ်ချ်တာစကေးအဆင့်ရှိသော ယင်းငလျင်သည် မာဇာရီရှာရစ်ဖ်မြို့အနီး၌ ဗဟိုပြု၍ မြေအနက် ၂၈ ကီလိုမီတာတွင် နိုဝင်ဘာ ၂ ရက် ညပိုင်းတွင် လှုပ်ရှားခဲ့ကြောင်း အမေရိကန် ဘူမိဗေဒတိုင်းတာရေးဌာနက အတည်ပြုသည်။

နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းအထိ ဘတ်ခ်နှင့် ဆမန်ဂန်ပြည်နယ်များတွင် လူအများစု သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရှာရာဖတ်ဇာမန်က ရှင်းလင်းပြောကြားသည်။။

ငလျင်၏ သက်ရောက်မှုဆိုင်ရာ အချက်အလက်များကို ထုတ်ပေးသည့် အလိုအလျောက်စနစ်ဖြစ်သော ပေဂျာစနစ်တွင် ယူအက်စ်ဂျီအက်စ်က လိမ္မော်ရောင်သတိပေးချက် ထုတ်ပြန်ခဲ့ရာ သိသာထင်ရှားသော လူအသေအပျောက်များ ဖြစ်နိုင်ဖွယ်ရှိပြီး ဘေးအန္တရာယ် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နိုင်ကြောင်း သိရသည်။

Mon

## အီတလီနိုင်ငံ၊ ဒိုလိုမိုက်တောင်တန်းတွင် နှင်းထုပြိုကျ မိန်းကလေးငယ်တစ်ဦးအပါအဝင် လူ ၅ ဦး သေဆုံး

ရောမ နိုဝင်ဘာ ၃

အီတလီနိုင်ငံ၊ ဒိုလိုမိုက်တောင်တန်းတွင် နှင်းထုပြိုကျမှုဖြစ်ပွားရာ အသက် ၁၇ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးနှင့် ၎င်း၏ဖခင်အပါအဝင် ဂျာမန်တောင်တက်သမား ၅ ဦး သေဆုံးခဲ့ကြောင်း ကယ်ဆယ်ရေးသမားများ၏ ပြောကြားချက်အရ သိရသည်။

ယင်းတောင်တက်သမားများသည် နိုဝင်ဘာ ၂ ရက်၊ ဒေသစံတော်ချိန် ညနေ ၄ နာရီခန့်တွင် အော့တလာတောင်တန်းရှိ စီမာဗာတာနာတောင်ပေါ်သို့ အုပ်စုများခွဲကာ တက်နေစဉ် အလျင်အမြန်ကျဆင်းလာသော နှင်းများနှင့် တွေ့ကြုံခဲ့ကြသည်။။

လူသုံးဦးပါဝင်သော အုပ်စုတစ်စုသည် နှင်းထုပြိုကျမှုအောက်တွင် ဖုံးလွှမ်းခံရပြီး လူအားလုံးသေဆုံးခဲ့ရကြောင်း အီတလီနိုင်ငံ၏ အယ်လ်ပိုင်းကယ်ဆယ်ရေးဌာနက သီးခြားသတင်းထုတ်ပြန်သည်။။

တတိယအုပ်စုမှ အခြားတောင်တက်သမားနှစ်ဦးမှာမူ ကံကောင်းထောက်မစွာဖြင့် အသက်ရှင်ကျန်ရစ်ခဲ့ကြောင်း သိရသည်။

Mon

STOP AIDS

## အိန္ဒိယနိုင်ငံ ဘန်ဂလိုမြို့ ယာဉ်ကြောပိတ်ဆို့မှုကြောင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂ ဘီလီယံနီးပါး ထိခိုက်



ဒေလီ နိုဝင်ဘာ ၃

ဘန်ဂလိုမြို့သည် အိန္ဒိယနိုင်ငံ၏ နည်းပညာမြို့တော်ဟုဆိုသော်လည်း အလုပ်ဆင်းအလုပ်တက်ချိန်များတွင် ကမ္ဘာ့ယာဉ်ကြောပိတ်ဆို့မှု မြို့တော်ကဲ့သို့ ခံစားရသည်ဟု ခရီးသွားပြည်သူများက ပြောကြားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ယာဉ်ကြောပိတ်ဆို့မှုကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးဆုံးရှုံးမှုသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂ ဘီလီယံနီးပါးရှိကြောင်း ၂၀၂၃ ခုနှစ် လေ့လာဆန်းစစ်ချက်တစ်ခုက ခန့်မှန်းထားသည်။

အိန္ဒိယနိုင်ငံတောင်ပိုင်း ကာနာတကာပြည်နယ်၏ မြို့တော်ဖြစ်သည့် ထိုမြို့တွင် နေ့စဉ်နံနက်တိုင်း ယာဉ်အသွားအလာသည် နှေးကွေးလာပြီး လမ်းပိတ်ဆို့မှု သို့မဟုတ် မတော်တဆမှုများ မရှိသည့်တိုင် သန်းနှင့်ချီသော ခရီးသွားပြည်သူများသည် ယာဉ်ကြောပိတ်ဆို့မှုများတွင် ပိတ်မိနေကြသည်။

၂၀၂၃ ခုနှစ် လေ့လာဆန်းစစ်မှုတစ်ခုအရ ထိုယာဉ်ကြောပိတ်ဆို့မှု၏ စီးပွားရေးဆိုင်ရာ ထိခိုက်မှုသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂ ဘီလီယံနီးပါး ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

Mon

## တံဆိပ်အမည်အမှတ်အသား အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်နေ ဦးတင်ကျော်(ဘ)ဦးပု (၇/သနပ (နိုင်)၀၃၁၁၈၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။




RD (၁၉၃၇/ ၂၀၂၅)

အထက်ဖော်ပြပါ "ငွေကြယ်ဖြူ"အမည်တံဆိပ်အမှတ်အသားဖြင့် စိန်ရွှေရတနာဆိုင်ကို မန္တလေးမြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ ဖြန့်ဖြူးရောင်းချရန်အတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်သွင်းကြေညာခဲ့ပြီး ကျွန်ုပ်မိတ်ဆွေမှ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ အဆိုပါ တံဆိပ်အမည်အမှတ်အသားကို ဘာသာစကားအမျိုးမျိုးတို့ဖြင့် အသုံးပြုကာ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပသုံးစွဲခြင်းများ မပြုကြပါရန်နှင့် အဆိုပါတံဆိပ်အမည်အမှတ်အသားကို တစ်နည်းနည်းတုပခြင်းများ မပြုလုပ်ကြပါရန် ကြေညာအပ်ပါသည်။ အကယ်၍ မည်သူမဆို ကျွန်ုပ်မိတ်ဆွေ၏အကျိုးစီးပွား ထိုက်ခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်မြင့်(ခ)ဦးဖိုးကျော် (LL.B)**
**ဒေါ်ဝင်းဝင်းနိုင်(LL.B) ဒေါ်ယဉ်ယဉ်ဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**အကွက်(၉၀၁)၊ ချမ်း/မြောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၀၂၅၈၀၁၄၊ ၀၉–၄၂၃၄၂၉၉၄၃**

**လွှဲအပ်သူ**
**ဦးတင်ကျော်(ဘ)ဦးပု**
**(၇/သနပ(နိုင်)၀၃၁၁၈၈)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ်(၃၅၁)၊ ဦးပိုင်အမှတ်(၃–ဆ)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၅)ဧက အကျယ်အဝန်းရှိ ဘိုးဘွားပိုင်မြေကွက်၏ အနောက်ဘက်ခြမ်း၊ ခဲစင်းပြဧရိယာ(၀ ဒသမ ၀၃၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၂)ထပ်ခွဲအဆောက်အအုံ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ရှိနေထိုင်ပိုင်ဆိုင်သူဟု အဆိုပြုသူများဖြစ်သော(၁) ဒေါ်မြင့်(ဘ)ဦးချစ်မောင်(၉/မနတ(နိုင်)၀၆၂၁၆၄)၊ (၂)ဒေါ်ငွေး(ဘ)ဦးချစ်မောင်(၉/မဟမ(နိုင်)၀၀၀၇၅၂)၊ (၃)ဒေါ်ယဉ်(ဘ)ဦးချစ်မောင်(၉/မနတ(နိုင်)၀၆၂၁၆၅)ကိုင်ဆောင်သူများထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇော်လှိုင်(LL.B) ဒေါ်သန္တာဆွေ(LL.B)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ**
**စဉ်(၁၈၈၇၃) စဉ်(၅၄၃၃၅)**
**၅လမ်း၊ ၇၉လမ်းနှင့် လမ်း၈၀ကြား၊ အမရဋ္ဌာနီအရှေ့ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၇၇၁၃၀၈၇၃၁**

## ဖခင်အမည်မှန်

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၃၂) အခြေခံပညာအထက်တန်းကျောင်း၊ Grade -5(A) မှ မဟန်နီဇေယျာလင်း(၉/ပကခ(နိုင်)၀၉၁၅၈၃)၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးမန်းမြင့်မောင်ဖြစ်ပါသည်။

**ဦးမန်းမြင့်မောင်(၉/ပကခ(နိုင်)၀၁၂၂၁၇)**
**မဟန်နီဇေယျာလင်း**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၀၄)၊ ဦးပိုင်အမှတ်(၂၄–ဆ+၂၅)၊ ၃၃လမ်း၊ ၈၉လမ်းနှင့် လမ်း၉၀ကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သော ဦးမောင်တင့်၊ ဒေါ်စန်းမြင့်ကြည်တို့ (၂)ဦးအနက်ခင်ပွန်းဖြစ်သူ ဦးမောင်တင့်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၅၄၇/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်စန်းမြင့်ကြည်(၉/သပက(နိုင်)၀၃၉၆၉၃)က အမှုတွဲအမှတ်(၀၃၉၁/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်နေ ဒေါ်မြ(၅/ခဥန(နိုင်)၀၀၁၄၂၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်။

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်နေ ဖခင် ဦးငွေး(၅/ခဥန(နိုင်)၁၁၅၉၀၁)၊ မိခင် ဒေါ်မြ(၅/ခဥန(နိုင်)၀၀၁၄၂၅)တို့၏ ဒုတိယမြောက်သမီး မမွှေးရည်သင်း(၉/ပကခ(နိုင်)၀၃၁၅၄၂)သည် မိခင်ဖြစ်သူအား စိတ်ဒုက္ခအမျိုးမျိုးပေးခြင်း၊ သိက္ခာကျအောင် အမျိုးမျိုးပြုလုပ်သွားပါသဖြင့် (၁–၁၁–၂၀၂၅)ရက်နေ့မှစ၍ သမီးအရင်းအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် မမွှေးရည်သင်းနှင့်ပတ်သက်၍လည်း မည်သည့်ကိစ္စမှ တာဝန်ယူမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယမင်းအေး (LL.B)**
**အထက်တန်းရှေ့နေ**
**၃၅လမ်း၊ ၈၄လမ်းနှင့် ၈၅လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

## ဘိုးဘပိုင်မြေကွက်အား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၇၈၄)၊ ဦးပိုင်အမှတ်(၁–ဟ)၊ ဧရိယာ(၀ ဒသမ ၀၂၈၁)ဧကရှိ မြေကွက်နှင့် အဆောက်အအုံတို့သည် ဦးညွန့်လှိုင်မှ ဘိုးဘပိုင်အမည်ပေါက် ပိုင်ဆိုင်လာခဲ့ပါသည်။ ယခုအချိန်တွင် အဆိုပါ ဘိုးဘပိုင်မြေကွက်အား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**
**ဒေါ်ခင်သန္တာအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၆၆လမ်း၊ ၁၀၂လမ်းနှင့် ၁၀၃လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၀၀၀၆၅၀၅၅၊ ၀၉–၄၃၀၇၈၁၂၁**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၃၅)၊ ဦးပိုင်အမှတ်(၂၃–ခ+၅၃)အတွင်းမှ (၅၃)ခဲစင်း၊ ၄၄လမ်းနှင့် ၄၅လမ်းကြား၊ ၈၁လမ်းနှင့် ၈၂လမ်းကြားရှိ ဒေါ်သန်းသန်းနွယ်(ခ)သန်းသန်းနွဲ့အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၃၄၇၈/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ဝင်းမင်းသန်း(၉/မရတ(နိုင်)၀၀၃၄၀၃)၊ ဒေါ်သန္တာစိုး(၅/မမတ(နိုင်)၀၀၆၂၃၇)တို့က အမှုတွဲအမှတ်(၃၂၆၈/၂၀၂၅–၂၀၂၆)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၃၅)၊ ဦးပိုင်အမှတ်(၂၃–ခ+၅၃)အတွင်းမှ (၅၃)ခဲစင်း၊ ၄၄လမ်းနှင့် ၄၅လမ်းကြား၊ ၈၁လမ်းနှင့် ၈၂လမ်းကြားရှိ ဒေါ်သန်းသန်းနွယ်(ခ)သန်းသန်းနွဲ့အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၃၄၇၈/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ဝင်းမင်းသန်း(၉/မရတ(နိုင်)၀၀၃၄၀၃)၊ ဒေါ်သန္တာစိုး(၅/မမတ(နိုင်)၀၀၆၂၃၇)တို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၆၃၀/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်တင်တင်(၉/မရတ(နိုင်)၀၁၇၅၅၉)က အမှုတွဲအမှတ်(၃၂၆၉/၂၀၂၅–၂၀၂၆)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ–၁)၊ ဦးပိုင်အမှတ်(၂၁)ခဲစင်း၊ ၁၁၁လမ်းနှင့် ၁၁၂လမ်းကြား၊ ၄၈လမ်းနှင့် ၄၉လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးလှဝေထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၈၇၅/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စန္ဒာအေး(၉/မဟမ(နိုင်)၀၁၂၂၈၄)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၂၇၁/၂၀၂၅–၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ–၅)၊ ဦးပိုင်အမှတ်(၅၅–က)၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ တပ်သား ဝင်းမြ၏(GPရရှိသူ ဦးသက်ထွန်း)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၄၀၄၅/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်တင်မိုးဇော်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၄၈၀/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးဝင်းမင်း(၈/မမန(နိုင်(၁၈၈၉၂၆)က အမှုတွဲအမှတ်(၃၂၆၂/၂၀၂၅–၂၀၂၆)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ–၇/ဏ)၊ ဦးပိုင်အမှတ်(၁၉)၊ ၁၀၂လမ်း၊ ၆၈လမ်းနှင့် ၆၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြမြသင်း၏(SPရရှိသူ ဒေါ်နန်းသန်းရီ)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၇၃၀/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးစိန်ဦး၏(SPရရှိသူ ဒေါ်ဆွေမွန်လတ်)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၅၂၁/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဖြူသီဟန်(၉/ပဥလ(နိုင်)၀၂၄၀၈၈)က အမှုတွဲအမှတ်(၃၂၅၅/၂၀၂၅–၂၀၂၆)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ–၁)၊ ဦးပိုင်အမှတ်(၂၁)ခဲစင်း၊ ၁၁၁လမ်းနှင့် ၁၁၂လမ်းကြား၊ ၄၈လမ်းနှင့် ၄၉လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးလှဝေထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၈၇၆/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးတင်ဆင့်(၉/မကန(နိုင်)၀၀၆၉၅၉)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၂၇၀/၂၀၂၅–၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ်(၁၇၁)၊ ဦးပိုင်အမှတ်(၉–က)၊ ၂၅လမ်း၊ ၈၃လမ်းနှင့် ၈၄လမ်းကြားရှိ ဦးစိုးမောင်(ခ)အဗ္ဗဒူရာရှစ်အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၇၇၇/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဦးနေလင်းစိုး(၉/အမဇ(နိုင်)၀၂၀၈၃၁)က အမှုတွဲအမှတ်(၀၃၉၀/ဘ(ပြောင်း)/၂၀၂၅–၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

❖ လူသားချင်းစာနာထောက်ထားမှုအကူအညီများဆိုသည်မှာ သက်သာသွားရုံဖြင့် ရပ်တန့်ပစ်၍ မရ ...

❖ ယင်းအကူအညီများကို လူမှုကာကွယ်ရေး စနစ်တစ်ခုအတွင်းသို့ ကူးပြောင်းပေးရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၃၀ ရက်တွင် ပြုလုပ်သော ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲ(Rebuilding Myanmar : Post Earthquake Economic Recovery) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် အင်းအမျိုးသားအဖွဲ့ချုပ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၃

အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် အင်းအမျိုးသားအဖွဲ့ချုပ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မန္တလေးနေ့စဉ် သတင်းစာ စာမျက်နှာ ၁၀ နှင့် ၁၁ တို့တွင် ဖော်ပြပါရှိပါသည်။

# ၂၀၂၅ ခုနှစ် အမျိုးသားစီမံကိန်းဝန်ကြီးဌာန ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃

၂၀၂၅ ခုနှစ် အမျိုးသားစီမံကိန်းဝန်ကြီးဌာန ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့ မစိုးရိမ်ကျောင်းတိုက် ရွှေရည်လင်းမွှာရုံ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညိုစောနှင့်ဇနီး၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့ မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ရေဝတ အမှူးပြုသည့် ပင့်သံဃာတော် ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ ညွှန့်ပရိသတ်အပေါင်းတို့သည် မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ရေဝတထံမှ ငါးပါးသီလခံယူဆောက်တည်ကာ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။ (ယာပုံ)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ပျဉ်းမနားမြို့ မစိုးရိမ်ကျောင်းတိုက် ဆရာတော်ထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ကထိန်အလှူခံကျောင်းဖြစ်သော အောင်မင်္ဂလာကျောင်းတိုက် ဆရာတော်ထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဆရာတော် သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။



ထို့နောက် အခမ်းအနား တက်ရောက်လာကြသည့် ညွှန့်ပရိသတ်အပေါင်းတို့သည် မစိုးရိမ်ကျောင်းတိုက် ဆရာတော်ထံမှ ကထိန်အနုမောဒနာ တရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အီတလီစီးရီးအေ ပွဲစဉ်(၁၀)တွင် ဂျီနိုအာနှင့် လာဇီယိုတို့ အသီးသီးနိုင်ပွဲကိုယ်စီရယူ



တူရင် နိုဝင်ဘာ ၃

အီတလီစီးရီးအေ ပွဲစဉ်(၁၀)တွင် ဂျီနိုအာအသင်းနှင့် လာဇီယိုအသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီရယူခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် နံနက် ၁၂နာရီက ဆက်ဆူအိုလိုအသင်းနှင့် ဂျီနိုအာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျီနိုအာအသင်းက ဆက်ဆူအိုလိုအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယခုပွဲစဉ်တွင် နှစ်ဖက်အသင်းစလုံး တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း ဂျီနိုအာအသင်းက နောက်ကျသွင်းဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ဂျီနိုအာအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၁၈မိနစ်တွင် ရူဆလန်၊ ပွဲချိန် (၉၀+၃) မိနစ်တွင် အော်စတင်ဂတ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဆက်လက်၍ ယနေ့ မြန်မာစံတော်ချိန် နံနက် ၂နာရီ ၁၅မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် လာဇီယိုအသင်းနှင့် ကယ်ဂလီယာရီအသင်းတို့ ပွဲစဉ်တွင်လည်း လာဇီယိုအသင်းက ကယ်ဂလီယာရီအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

လာဇီယိုအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၆၅မိနစ်တွင် ဂုစတာ့ဗ်အိုင်ဆာဆန်၊ ပွဲချိန် (၉၀+၁)မိနစ်တွင် မတ်တီယာတို့က အသီးသီးသွင်းယူပေးခဲ့သည်။

အီတလီစီးရီးအေ ပွဲစဉ်(၁၀)အပြီးတွင် လာဇီယိုအသင်းက ရမှတ် ၁၅မှတ်ဖြင့် အဆင့် ၈ နေရာတွင် ရပ်တည်ခဲ့ပြီး ဂျီနိုအာအသင်းက ရမှတ် ခြောက်မှတ်ဖြင့် အဆင့် ၁၈ နေရာတွင် ရပ်တည်ခဲ့သည်။

(NGB)

## မဟာယူနိုက်တက်အသင်းက ရောဝတီယူနိုက်တက်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

ရန်ကုန် နိုဝင်ဘာ ၃

မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၈) အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃နာရီ ၃၀မိနစ်က ရောဝတီယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မဟာယူနိုက်တက်အသင်းက ရောဝတီယူနိုက်တက်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရောဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် မိနစ် ၇၀တွင် အောင်လှိုင်ဝင်း၊ ပွဲချိန် ၈၂မိနစ်တွင် ပက်ထရစ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ယခုပွဲစဉ်တွင် AYA Pay Man of the Match အကောင်းဆုံးကစားသမားဆုကို မဟာယူနိုက်တက်အသင်းမှ အောင်လှိုင်ဝင်းက ဆွတ်ခူးနိုင်ခဲ့သည်။

အခြားပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၄နာရီက ယှဉ်ပြိုင်ကစားခဲ့သည့် အားကာသိပွဲအသင်းနှင့် ရခိုင်အသင်းတို့ ပွဲစဉ်တွင်လည်း အားကာသိပွဲအသင်းက ရခိုင်အသင်းအား လေးဂိုး၊ တစ်ဂိုးဖြင့် ဂိုးပြတ် အနိုင်ရယူနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၈)ပွဲ ကစားအပြီးတွင် အားကာသိပွဲအသင်းက ရမှတ် ၁၄မှတ်ဖြင့် အဆင့် ၃နေရာ၊ ရောဝတီယူနိုက်တက်အသင်းက ရမှတ် ၁၀ မှတ်ဖြင့် အဆင့် ၇နေရာ၊ မဟာယူနိုက်တက်အသင်းက ရမှတ် ရှစ်မှတ်ဖြင့် အဆင့် ၈ နေရာ၊ ရခိုင်အသင်းက ရမှတ် ခြောက်မှတ်ဖြင့် အဆင့် ၁၀နေရာတို့တွင် အသီးသီး ရပ်တည်ခဲ့ကြသည်။

(NGB)

0-0-0-0-0

